**၂၀၁၈ ခုနှစ် ဖွန်လ (၁) ရက်နေ့၊ နံနက် (၀၉း၀၀) မှ ညနေ (၀၅း၀၀) နာရီအထိ နေပြည်တော်၊ Horizon Lake View ဟိုတယ်တွင် ကျင်းပပြုလုပ်သော ဒုတိယအကြိမ်မြန်မာနိုင်ငံ သုံးပွင့်ဆိုင်ညွှန့်ပေါင်း အဖွဲ့၏ (၁၄) ကြိမ်မြောက် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့စည်းအဝေးမှတ်တမ်း**

## ၁။ ရည်ရွယ်ချက်

(၁၄) ကြိမ်မြောက် မြန်မာနိုင်ငံ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အစည်းအဝေးအား ၂၀၁၈ ခုနှစ်၊ ဖွန်လ(၁) ရက်နေ့တွင် နေပြည်တော်ရှိ Horizion Lake View ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး၊ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဝင်းထိန်၊ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ကိုယ်စား လှယ်များ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူများ၊ MEITI ညှိနှိုင်း ရေးရုံးမှ ညှိနှိုင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ NRGI မှ တာဝန်ရှိသူများနှင့် အခြားသော လေ့လာသူများ တက်ရောက်ခဲ့ပါသည်။

၁၃ ကြိမ်မြောက်သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ထားမှု အခြေအနေများအား ဆွေးနွေးရန်၊ မြန်မာနိုင်ငံ EITI မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်များ အကောင်အထည်ဖော်မှုရာတွင် တိုးတက်မှုအခြေအနေများနှင့် အကဲဖြတ်လေ့ လာဆန်းစစ်ခြင်း လုပ်ငန်းစဉ်အတွက် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များအား ဆွေးနွေးရန်၊ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ကိုယ်စားလှယ်သစ်များအား မိတ်ဆက်ရန်၊ မြန်မာနိုင်ငံ EITI သစ်တောအစီရင်ခံစာ ရေးဆွဲမှု အခြေအနေများအား ဆွေးနွေးရန်၊ ၂၀၁၄-၁၅ ဘဏ္ဍာနှစ် နှင့် ၂၀၁၅-၁၆ ဘဏ္ဍာနှစ် မြန်မာ EITI အစီရင်ခံစာများအား ထုတ်ပြန်မည့် အစီအစဉ်အား ဆွေးနွေးရန်၊ နှစ်စဉ်တိုးတက်မှု အစီရင်ခံစာမူကြမ်း(ဇူလိုင် ၂၀၁၇-ဖွန် ၂၀၁၈) အားဆွေးနွေးရန်၊ MEITI ဝက်ဘ်ဆိုဒ်ဒီဇိုင်းနှင့် ဝက်ဘ်ဆိုဒ်အသစ် ရေးဆွဲနေမှုအခြေအနေများ၊ web/data portal တည်ဆောက်မှု အခြေအနေများအား ဆွေးနွေးရန်၊ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ လုပ်ငန်းစဉ်အကောင်အထည်ဖော်မှုအခြေအနေများနှင့် Mining Cadaster လုပ်ငန်းစဉ် အခြေအနေများအား ဆွေးနွေးရန်၊ ပြည်နယ်/တိုင်းဒေသကြီး လုပ်ငန်းညှိနှိုင်းရေးကော်မတီ ဖွဲ့စည်းမှုအခြေအနေများအား ဆွေးနွေးတင်ပြရန်နှင့် (၁၄) ကြိမ်မြောက် ဒုတိယအကြိမ် သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့ အစည်းအဝေး ဆုံးဖြတ်ချက်များ ချမှတ်ခြင်းများ ပြုလုပ်ဆွေးနွေးရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခြင်း ဖြစ်ပါသည်။

## ၂။ အစည်းအဝေးတက်ရောက်သူများ

၁၄ ကြိမ်မြောက် ဒုတိယအကြိမ် မြန်မာနိုင်ငံ သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ အစည်းအဝေး အား သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့မှ အစိုးရကိုယ်စားလှယ် (၆ ) ဦး၊ အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ် (၉) ဦး၊ ပုဂ္ဂလိကကဏ္ဍ ကိုယ်စားလှယ် (၅) ဦး၊ အစိုးရကိုယ်စားလှယ် alternate (၂) ဦး၊ ပုဂ္ဂလိကကဏ္ဍကိုယ်စားလှယ် alternate (၁) ဦး၊ အလှူရှင်များနှင့် အခြားလေ့လာသူများ (၁၀) ဦး၊ MOBD နှင့် အစိုးရဌာနမှလေ့လာသူများ (၁၂) ဦး၊ NCS ရုံးမှ တာဝန်ရှိသူ (၁၁) ဦး နှင့် စုစုပေါင်း (၅၆ ) ဦး တက်ရောက်ခဲ့ပါသည်။ အစည်းအဝေး တက်ရောက်သူများ စာရင်းအသေးစိတ် ကို နောက်ဆက်တွဲ (၁) တွင်ဖော်ပြထားပါသည်။

## ၃။ အဖွင့်အမှာစကားပြောကြားခြင်း (သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ ဥက္ကဌ)

သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ဥက္ကဌ မှ အဖွင့်အမှာစကားပြောကြားရာတွင် ၁၄ ကြိမ်မြောက် ဒုတိယအကြိမ် မြန်မာနိုင်ငံ သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ အစည်းအဝေး အား တက်ရောက်လာကြသည့် ဒုတိယဥက္ကဌနှင့် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ဝင်များအားလုံးနှင့် အစည်းအဝေးတက်ရောက်သူအားလုံး အား မင်္ဂလာပါလို့ ကနဦး နှုတ်ဆက်ခဲ့ပါသည်။ ယနေ့အစည်းအဝေးတွင် အဖွဲ့ဝင်သစ်များအား မိတ်ဆက်ခြင်းအစီအစဉ် လည်းပါသည့်အတွက် အဖွဲ့ဝင်သစ်များအားလည်း ကြိုဆိုပါကြောင်း၊ ပြီးခဲ့သည့် မတ်လ ၃၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၃) ကြိမ်မြောက်အစည်းအဝေးတွင် ဒုတိယအကြိမ်နှင့် တတိယ အကြိမ် မြန်မာနိုင်ငံ EITI အစီရင်ခံစာများအား အတည်ပြုခဲ့ကြပြီး နိုင်ငံတကာ EITI အတွင်းရေးမှုးရုံး သို့ ပေးပို့နိုင်ခဲ့ကြောင်း၊ အချိန်မီပြီးစီး ပြည့်စုံအောင် ဆောင်ရွက်ပေးခဲ့ကြသည့် ဦးဆောင်ကော်မတီ၊ လုပ်ငန်းကော်မတီ၊ သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ဝင်များ၊ အစိုးရကိုယ်စားလှယ်များ၊ ပုဂ္ဂလိက ကိုယ်စားလှယ်များ၊ အရပ်ဖက်ကိုယ်စားလှယ်များနှင့် CSO များ၊ အတွင်းရေးမှူးရုံးမှ တာဝန်ရှိသူများ အား လုံးအား ကျေးဇူးတင်ရှိကြောင်း အသိအမှတ်ပြုပြောကြားလိုပါကြောင်း၊ အစီရင်ခံစာများအား ပုံနှိပ်ခြင်း၊ ဒီဇိုင်းပြုလုပ်အချောသတ်ခြင်း၊ အနှစ်ချုပ်ခြင်းများ ပြီးစီးပါက အစီရင်ခံစာထုတ်ပြန်သည့် အခမ်းအနားများလည်း ပြုလုပ်မည်ဖြစ်ပါကြောင်း၊ အစီရင်ခံစာများ ထုတ်ပြန်ပြီးရုံနှင့် ပြီးစီးသွားခြင်းမ ဟုတ်ဘဲ မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်လောင်းနိုင်ငံအဖြစ်မှ တင်းပြည့်အဖွဲ့ဝင်ဖြစ်လာရန် ဆက်လက် လုပ်ဆောင်စရာများစွာရှိသေးကြောင်း၊ ပြီးခဲ့သည့် မေလ (၁၅) ရက်နေ့တွင်လည်း (၇) ကြိမ်မြောက် လုပ်ငန်း ကော်မတီအစည်းအဝေးပြုလုပ်ခဲ့ကြောင်း၊ ထိုအစည်းအဝေးတွင်လည်း ရှေ့ဆက်ဆောင်ရွက် ရမည့်ကိစ္စများဆွေးနွေးခဲ့ကြောင်း၊ ယခုအစည်းအဝေးပြီးပါကလည်း ဦးဆောင်ကော်မတီအစည်းအဝေး ပြုလုပ်မည်ဖြစ်ကြောင်း၊ validation process မတိုင်ခင် ကြိုဆိုပြင်ဆင်ရမည့်လုပ်ငန်းများရှိကြောင်း၊ ထိုပြင်ဆင်ဖို့လိုအပ်သည့်အချက်များတွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာ န၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန(MOEE) ၊ ပြည်တွင်းအခွန်များဦးစီးဌာန တို့သည်လည်း အရေးကြီး

ကြောင်း၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းနှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်  တို့လည်းပါဝင်ကြောင်း၊ recommendations workshop မတိုင်ခင် ထိုဌာနများအား ကြိုတင်ပြင်ဆင်ထားရန် ကြိုတင်စာပေးပို့၍ အကြောင်းကြားထားကြောင်း၊ နောက်တစ်ခါ လိုအပ်ချက်တစ်ခုဖြစ်သည့် Beneficial Ownership (BO) Taskforce ဖွဲ့စည်းခွင့်လည်းတင်ပြထားကြောင်း၊ နိုင်ငံတကာ EITI ရုံးမှ အကြံပြုထားသည့် နိုင်ငံတကာ EITI စံနှုန်း (၄.၁) တွင် တွင်းထွက်သယံဇာတလုပ်ငန်းဖော်ဆောင်နေကြသော ဌာနအဖွဲ့အစည်းများအနေဖြင့် သတင်းအချက်အလက်များအား ပြည့်ပြည့်စုံစုံဖြင့် ဖော်ထုတ်ရန်လည်း ပါဝင်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ သက်ဆိုင်ရာဌာနများ အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ရန် တိုက်တွန်းကြောင်း အစိုးရ၏ အမိန့်ကြော်ညာစာ ထွက်ရှိလာရန် ဆောင်ရွက်နေကြောင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ In kind payment နှင့် Subsidiaries တို့နှင့်ပတ်သက်၍ MATA မှ မြန်မာနိုင်ငံ ညှိနှိုင်းရေးရုံးနှင့် ပူးပေါင်း၍ သုတေသနပြုလုပ်ချင်ကြောင်း အဆိုပြုလာသဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်များ တောင်းခံထားရာ သဘောထားမှတ်ချက်များရရှိလာပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ SNU ဖွဲ့စည်းခြင်းကိစ္စတွင် တနင်္သာရီတိုင်း SNU အဖွဲ့ဝင်များ၏ အမည်နှင့် ရာထူးများမှန်ကန်စွာ ဖွဲ့စည်းခြင်းကို မေလ (၁၅) ရက်နေ့တွင် အတည်ပြုဆောင်ရွက်ခဲ့ကြကြောင်း၊ မန္တလေးနှင့် မကွေး SNU ဖွဲ့စည်းခြင်းကိစ္စအတွက်လည်း ညှိနှိုင်းရေးရုံးနှင့် သုံးပွင့်ဆိုင်အဖွဲ့ဝင်ကိုယ်စားလှယ်များမှ မေလ (၄) ရက်နှင့် (၅) ရက်နေ့တို့တွင် သက်ဆိုင်ရာ တိုင်းများရှိ အစိုးရအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လည်း တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း၊ သစ်တောကဏ္ဍနှင့် ပတ်သက်ပြီး ဧပြီလ (၄) ရက်နေ့တွင် အစီရင်ခံစာမူကြမ်းအား Moore Stephen (IA) မှ ပေးပို့ခဲ့ကြောင်း၊ ပြီးခဲ့သည့် မေလ (၁၈) ရက်နေ့တွင် ကျင်းပသော နည်းပညာနှင့် အစီရင်ခံစာ လုပ်ငန်းခွဲကော်မတီအစည်းအဝေးတွင်လည်း ဆွေးနွေးခဲ့ကြပြီး သက်ဆိုင်ရာဌာနများနှင့်  IA အကြား ညှိနှိုင်းမှုများပြန်လည်ပြုလုပ်ကြမည်ဖြစ်ပြီး ၂၀၁၈ ခုနှစ် ဇွန်လ အလယ်လောက်တွင် အစီရင်ခံစာထွက်ရှိလာမည်ဖြစ်ကြောင်း၊ ထို့နောက် နိုင်ငံတကာ EITI အတွင်းရေးမှူးရုံးမှ မြန်မာနိုင်ငံအနေဖြင့် validation  လုပ်ငန်းများဆောင်ရွက်ရာတွင် ၂၀၁၈ ခုနှစ် နိုင်ငံတကာ EITI စီမံခန့်ခွဲရေးရန်ပုံငွေထည့်ဝင်ရန် နှစ်စဉ်ကြေး အမေရိကန်ဒေါ်လာ တစ်သောင်းကျပ်အား ထည့်ဝင်ရန်လည်း ကမ္ဘာ့ဘဏ်၏ ထောက်ပံ့မှုဖြစ်သည့် ၃.၅ သန်းထဲမှ ထည့်ဝင်သုံးစွဲဖို့လည်း ဘက်ဂျက်ဆိုင်ရာလုပ်ငန်းစဉ်များလည်း ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း၊ ကမ္ဘာ့ဘဏ်မှ တတိယအကြိမ်လွှဲပြောင်းပေးငွေ မြန်မာငွေကျပ်သန်း (၄၀၀) အား မေလ (၁၄) ရက်နေ့တွင် ရရှိခဲ့ကြောင်း၊ စုစုပေါင်း ၇၉၉.၈၃၃ သန်းနှင့်အမေရိကန်ဒေါ်လာ ၉၅၀၀၀ ရရှိပြီးဖြစ်ပါကြောင်း၊ အကြံပေးငှားရမ်းခြင်း လုပ်ငန်းများအတွက် ကမ္ဘာ့ဘဏ်မှ တိုက်ရိုက်ပေးချေပြီး ယနေ့အချိန်ထိ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၃.၅ သန်းမှ အမေရိကန်ဒေါ်လာ ၂၁၂၇၀၀၀ ကျော် ထုတ်ယူသုံးစွဲထားပြီး အမေရိကန်ဒေါ်လာ ၂၃၇၂၀၀၀ သုံးစွဲရန် ကျန်ရှိနေသေးကြောင်း၊ နိဂုံးချုပ်အားဖြင့် (၁၇.၅.၂၀၁၈) ရက်နေ့တွင် ဆွေးနွေးထားသော လုပ်ငန်းအစီအစဉ်နှင့်

စီမံအုပ်ချုပ်မှုလုပ်ငန်းခွဲ ကော်မတီမှ Workplan and budget နှင့် ပြန်ကြား ဆက်သွယ်ရေးနှင့် ပြင်ပဆက်သွယ်ရေးလုပ်ငန်းခွဲကော်မတီအစည်းအဝေးမှ MEITI communication Strategy အား ဝိုင်းဝန်းဆွေးနွေးအတည်ပြုသွားကြရန် နှင့် နှစ်စဉ်တိုးတက်မှုအစီရင် ခံစာတွင် လိုအပ်သော အချက်များကို ဆွေးနွေးကြရန်၊ နောက်နှစ်များအတွက် IA ၏ လုပ်ငန်းတာဝန်များ၊ သစ်တောကဏ္ဍအစီရင်ခံစာအားလည်း ဝိုင်းဝန်းဆွေးနွေးကြဖို့ ပြောကြားရင်း အဖွင့်အမှာ စကားပြောကြားခဲ့ပါသည်။

### ၄။ အမှာစကားပြောကြားခြင်း (ညှိနှိုင်းဖော်ဆောင်ရေးမှူး (မြန်မာနိုင်ငံ၊ EITI ညှိနှိုင်းဖော်ဆောင်ရေးရုံး)

အဖွင့်အမှာစကားပြောကြားရာတွင် ၁၄ ကြိမ်မြောက် ဒုတိယအကြိမ် မြန်မာနိုင်ငံ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အစည်းအဝေး အား တက်ရောက်လာကြသည့် သုံးပွင့်ဆိုင်ညွန့်ပေါင်းဥက္ကဌ၊ ဒုတိယဥက္ကဌနှင့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ဝင်များအားလုံးနှင့် အစည်းအဝေးတက်ရောက်သူအားလုံး အား မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ကြောင်း၊ ယနေ့အစည်းအဝေးသည် ဘဏ္ဍာနှစ် နှစ်နှစ်စာ ပါဝင်သည့် ဒုတိယအကြိမ်အစီရင်ခံစာထုတ်ပြန်ပြီး ပထမဦးဆုံးအကြိမ် ပြန်လည်ပြုလုပ်သည့် သုံးပွင့်ဆိုင်ညွန့် ပေါင်းအစည်းအဝေးဖြစ်ကြောင်း၊ အချိန်မီအစီရင်ခံစာထုတ်ပြန်နိုင်ခဲ့သည့်အတွက် အားလုံးကို ကျေးဇူး တင်ရှိကြောင်း၊ တစ်ဦးတစ်ယောက်တည်းဆောင်ရွက်ချက်ကြောင့်မဟုတ်ဘဲ အားလုံးကြိုးစား၍ ဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း၊ အားတက်သရော ဆောင်ရွက်ခဲ့ကြသော အစိုးရဌာနများ၊ အရပ်ဖက်ကိုယ်စားလှယ်များ၊ ကုမ္ပဏီများအား အထူးကျေးဇူးတင်ကြောင်း၊ အစီရင်ခံစာ ထုတ်ပြန်နိုင် ခြင်းသည် မိမိတို့၏ ပန်းတိုင်မဟုတ်ကြောင်း၊ အစီရင်ခံစာများ၏ အကြံပြုသုံးသပ်ချက် များအတိုင်း ပြည်သူများသို့ အသိအမြင်ဖွင့်လုပ်ငန်းများဆောင်ရွက်၍ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ် များအကောင်အထည်ဖော်ရန် အကြံပြုထားကြောင်း၊ သို့မှသာ နိုင်ငံတော်အတွက် ရေရှည်တည်တံ့ခိုင် မြဲပြီး ပြည်သူများအတွက် အကျိုးစီးပွားဖြစ်စေမည်ဖြစ်ကြောင်း၊ ဆက်လက်၍ mining cadaster လုပ်ငန်းစဉ်အတွက် ငှားရမ်းထားသည့် Consultant ၏ လေ့လာတွေ့ရှိချက်များနှင့် အကြံပြုချက်များ အရ မြန်မာနိုင်ငံ တွင် mining cadaster စနစ် ဆောင်ရွက်တည်ဆောက်နိုင်ရန်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနလက်အောက်ရှိ Pre-Cadaster Working Group ဖွဲ့စည်းရန် အတွက် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့မှလည်း အတည်ပြုပေးခဲ့ပြီး ၎င်းနှင့် ပတ်သက်၍ မဟာဗျူဟာကိုလည်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနသို့ အကြံပြုချက်များကိုလည်း ပြန်လည်ထည့်သွင်းတင်ပြခဲ့ကြောင်း၊ သစ်တောအစီရင်ခံစာကိုလည်း ၂၀၁၈ ခုနှစ် ဧပြီလ (၃၀) ရက်နေ့

တွင် လွတ်လပ်သော စာရင်းတိုက်ဆိုင်စစ်ဆေးသူ (Independent Administrator-IA) မှ အစီရင်ခံစာ မူကြမ်းအားပေးပို့ခဲ့ပြီး ၂၀၁၈ ခုနှစ် ဖွန်လအလယ်လောက်တွင် ထုတ်ပြန်မည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် မေလ ပထမပတ်တွင် မွန္တလေးဒေသကြီး အစိုးရအဖွဲ့နှင့်လွှတ်တော်အား Sub National Coordination Unit (SNU) ၏ လုပ်ငန်းတာဝန်များနှင့် ရည်ရွယ်ချက်များအား ရှင်းလင်းတင်ပြခဲ့ပြီး မကွေးတိုင်းဒေသကြီး အစိုးရနှင့် လွှတ်တော်အားလည်း SNU ဖွဲ့စည်းနိုင်ရန် ကနဦးသွားရောက်ဆွေးနွေး ခဲ့ကြောင်း၊ ဆက်လက်၍ ကျန်ရှိနေသေးသော စစ်ကိုင်းတိုင်းနှင့် ရှမ်းပြည်နယ်များသို့ SNU ဖွဲ့စည်းဆောင်ရွက်မည့် ခရီးစဉ်အား ဖွန်လအတွင်း သွားရောက်မည်ဟု ရည်ရွယ်ထားကြောင်း၊ ဇူလိုင် (၁) ရက်နေ့တွင် စတင်တော့မည့် အတည်ပြုအကဲဖြတ်ခြင်း လုပ်ငန်းစဉ် (Validation process) အတွက်လည်း နိုင်ငံတကာ EITI အတွင်းရေးမှူးမှလည်း အကြံပြုလာခဲ့ကြောင်း၊ ထိုအကြံပြုချက်များတွင် လုပ်ဆောင်ရမည့် အကြံပြုချက်များ၊ action point များကို လည်း ၂၀၁၈ ခုနှစ် ဧပြီလ (၄) ရက်နေ့တွင် ကျင်းပသည့် ဦးဆောင်ကော်မတီအစည်းအဝေးမှတဆင့် သက်ဆိုင်ရာဌာနများအား ပေးပို့အကြောင်းကြားထားပြီး ဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှလည်း ဆောင်ရွက်ထားသည်များကို လုပ်ငန်းကော်မတီအစည်းအဝေးတွင် တင်ပြခဲ့ပြီး ရှေ့လာမည့် ဦးဆောင်ကော်မတီအစည်းအဝေးတွင် တင်ပြဆွေးနွေးမည်ဖြစ်ကြောင်း၊ ရှေ့လာမည့် ဘဏ္ဍာနှစ်များအတွက် IA ငှားရမ်း ခြင်းကိစ္စရပ်များအတွက် MSG ကိုယ်စားလှယ်များမှ ဆွေးနွေးပေးစေချင်ကြောင်း၊ ယနေ့တွင် ဆွေးနွေးမည့် သစ်တောကဏ္ဍအစီရင်ခံစာ၊ BO လုပ်ငန်းစဉ်၊ mining Cadaster လုပ်ငန်းစဉ်၊ SNU ဖွဲ့စည်းခြင်း၊ Validation ၊ SOE နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲရေးအတွက် ကြိုတင်ပြင်ဆင်မှုများကိုလည်း ဆွေးနွေးပေးစေလိုကြောင်း၊ သတင်းစကားတစ်ခုပါးလိုသည်က စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးမှလည်း မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်အကောင်အထည် ဖော်နေသည့် ဦးဆောင်ကော်မတီတွင်လည်း ဦးဆောင်ပါဝင်မည်ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါကြောင်း၊ မိမိအနေဖြင့် တိုင်းပြည်အကျိုးအတွက် ဦးလည်မသုန် တရားမျှတစွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိဂုံးချုပ်အနေဖြင့် အချိန်ပေးတက်ရောက်လာကြသည့် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းဥက္ကဌ၊ ဒုတိယဥက္ကဌနှင့် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ဝင်များအားလုံးနှင့် အစည်းအဝေးတက်ရောက်သူအားလုံး

အား အစည်းအဝေးတွင် တက်ကြွစွာဆွေးနွေးကြမည်ဖြစ်သည့်အတွက် ကြိုတင်၍ ကျေးဇူးတင်ကြောင်း ပြောကြားရင်း အမှာစကားပြောကြားခဲ့ပါသည်။

### ၅။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ဝင်သစ်များ မိတ်ဆက်ခြင်း

ပထမဦးစွာ မြန်မာကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ဆရာဦးမျိုးနိုင်၏ အစား ယခုလက်ရှိ အစိုးရကိုယ်စားလှယ်အဖြစ်တာဝန်ထမ်းဆောင်မည့် ဆရာဦးမင်းသူ (အထွေထွေမန်နေဂျာ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း) မှ မိတ်ဆက်ခြင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးနေလင်းစိုး၏ အစား ယခုလက်ရှိ တာဝန်ထမ်းဆောင်မည့် ညွှန်ကြားရေးမှူး ဦးကျော်သိန်းမှ မိတ်ဆက်ခြင်း၊ ထို့နောက် အရပ်ဖက်အဖွဲ့ အစည်းဖြစ်သည့် MATA မှ ဒေါ်စုလှိုင်နှင်းအစား ဦးအောင်ဖြိုးကျော်မှ အစားထိုး တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း၊ ယခင်အစည်းအဝေးများ တစ်လျှောက်တွင်လည်း မိမိအနေဖြင့် alternate အဖြစ် အစည်းအဝေးများတွင် ပါဝင်ဆွေးနွေးနေသည့်အတွက် အားလုံးအနေဖြင့် သိရှိထားပြီး ဖြစ်မည်ဖြစ်ကြောင်း ပြောကြားရင်း မိတ်ဆက်စကားပြောကြားခဲ့ပါသည်။

### ၆။ Validation အကဲဖြတ်ဆန်းစစ်ခြင်းအပေါ်တွင် ပြင်ဆင်ထားရမည့်အချက်များအား ဆွေးနွေးခြင်း (စီမံကိန်း အကြံပေးအရာရှိ၊ ညှိနှိုင်းရေးရုံး)

အကဲဖြတ်ဆန်းစစ်ခြင်းအပေါ်တွင် ပြင်ဆင်ထားရမည့်အချက်များအား အလုပ်မှုဆောင်ကော်မတီတွင် တင်ပြထားပြီး သက်ဆိုင်ရာဝန်ကြီးဌာနများအား တင်ပြထားသည့်အချက်များအား ဆွေးနွေးမည်ဖြစ်ကြောင်း၊ ပထမဦးဆုံးအနေဖြင့် Validation အတွက်မဆွေးနွေးခင် အရေးကြီးဆုံး ဆုံးဖြတ်ချက်ချရမည့် အကြောင်းအရာများအား အတိုချုံး၍ တင်ပြချင်ကြောင်း၊ ထို့နောက်မှ အသေးစိတ် အချက်အလက်များအား နေ့လည်ပိုင်းတွင် ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း၊ အရေးကြီးဆုံးဖြတ်ချက် (၄) ခုတွင် ပထမအချက်အနေဖြင့် အစီရင်ခံစာတွင် ပါဝင်သော အကြံပြုသုံးသပ်ချက်များအား အကောင်အထည် ဖော်ဆောင်ရွက်နေမှု နှင့် အကောင်အထည်ဖော်ရန် ကျန်ရှိနေသေးသော အချက်အလက်များအတွက် ပြင်ဆင်ရန်အတွက် Validation မတိုင်ခင် Recommendation Consultation Workshop အား ပြုလုပ်မည့်ရက်သတ်မှတ်စေချင်ကြောင်း၊ ထိုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲမလုပ်ခင် သက်ဆိုင်ရာဌာနများသို့ ယခင်ပေးပို့ထားသည့်အကြံပြုသုံးသပ်ချက်များအပြင် မည်ကဲ့သို့ စာရွက်စာ

တမ်းများ ပေးပို့ရမည်ကို သက်ဆိုင်ရာကိုယ်စားလှယ်များမှ ဆွေးနွေးပေးစေလိုကြောင်း၊ ဇွန် (၇) ရက် (၈) ရက်နေ့တွင် ကျင်းပမည်ဟု လျာထားကြောင်း၊ ထို့နောက် သုံးပွင့်ဆိုင်ကိုယ်စားလှယ်များအတွက် အဆိုပြုထားသည့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းအား ဇွန်လ (၁၄၊၁၅) တွင် ကျင်းပလိုကြောင်း NORAD မှ အဆိုပြုထားကြောင်း၊ ထိုသင်တန်းတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ နှင့် သတ္တု၊ ကျောက်စိမ်း၊ ကျောက်မျက်ကဏ္ဍများပါဝင်မည်ဖြစ်ကြောင်း၊ သတ္တု၊ ကျောက်စိမ်း၊ ကျောက်မျက်ကဏ္ဍများအတွက် NRGI မှ ပို့ချဆွေးနွေးမည်ဖြစ်ကြောင်း၊ SOE/SEE အတွက် ပြုပြင်ပြောင်းလဲရမည့် အကြံပြုချက်များအတွက် IEITI Secretariat ရုံးမှ ပံ့ပိုး၍ အကြံပြုထားသည်များရှိ ကြောင်း၊ ထို့အတွက် SOE အလုပ်ရုံဆွေးနွေးပွဲများကို တစ်ခုတည်းကျင်းပမည်မဟုတ်ဘဲ အဆက်ဆက်နှင့်ကျင်းပရန် ယခင်အစည်းအဝေးများတွင် ဆွေးနွေးပေးခဲ့ကြပြီ ဖြစ်ကြောင်း၊ Outline နှင့် agenda များကို ဆွေးနွေးပြီးပြီဖြစ်၍ ထို SOE/SEE အလုပ်ရုံဆွေးနွေးပွဲအား ဇွန်လ အတွင်း ကျင်းပချင်ကြောင်း၊ သက်ဆိုင်ရာဌာနများအား ကြိုတင်အကြောင်းကြားပြီး မည်ကဲ့သို့ သော စာတမ်းစာတမ်းများ ပေးပို့ရမည်ကို ဆုံးဖြတ်ဆွေးနွေးစေလိုကြောင်း၊ ဒုတိယနှင့် တတိယအကြိမ် အစီရင်ခံစာများ ထုတ်ပြန်ပြီးသည့်အတွက် နောက်ထပ် စတုတ္ထအကြိမ် အစီရင်ခံစာ ထုတ်ပြန်နိုင်ရန် IA ငှားရမ်းရမည်ဖြစ်သည့်အတွက် ထိုငှားရမ်းမည့် IA လုပ်ငန်းတာဝန်သတ်မှတ်ခြင်းနှင့် လုပ်ငန်းနယ်ပယ်သတ်မှတ်ရန်အတွက် ယနေ့အစည်းအဝေးတွင် လုပ်ငန်းနယ်သတ်မှတ်ခြင်းကိစ္စအား အချိန်ပေးဆွေးနွေးစေချင်ကြောင်း၊ IA လုပ်ငန်းတာဝန်များကို နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီတွင် ဆွေးနွေးခွင့်ပြုစေချင်ကြောင်း၊ ပြီးခဲ့သည့် IA တွင် လုပ်ခဲ့သည့်အတွေ့အကြုံအရ အားနည်းချက်၊ အားသာချက်များရှိသည့်အတွက် IA လုပ်ငန်းတာဝန်များအား အသေးစိတ်ဆွေးနွေးရမည်ဖြစ်ကြောင်း၊ လုပ်ငန်းနယ်ပယ်သတ်မှတ်ခြင်းကို ယနေ့အစည်းအဝေးတွင် ဆုံးဖြတ်ပေးစေလိုကြောင်း စသဖြင့် အရေးကြီးဆုံးဖြတ်ချက်များကို တင်ပြခဲ့ပါသည်။

ပထမဦးဆုံးအနေဖြင့် Recommendation Consultation Workshop အား ဇွန်လအတွင်း ကျင်းပရန်ကိစ္စအတွက် အရပ်ဖက်ကိုယ်စားလှယ်တစ်ဦးမှ ပထမဦးဆုံးအနေဖြင့် **ညှိနှိုင်းရေးရုံးအနေဖြင့် အကြံပြုသုံးသပ်ချက်များအား ဌာနအလိုက် လုပ်ဆောင်နိုင်မည့်အချက်များ၊ အခြားပံ့ပိုး**

**မှုများပြုလုပ်ပေးမှ ဌာနများမှ လုပ်ဆောင်နိုင်မည့်  actions များကို analysis လုပ်ထားသင့်ကြောင်း၊ EITI legislation Law အတွက် Team တစ်ခုဖွဲ့၍ စတင်ဆောင်ရွက်သင့်ကြောင်း၊ နောက်တစ်ခုအနေဖြင့် EITI MSG ပြုပြင်ပြောင်းလဲရန်ကိစ္စပါရှိကြောင်း၊ ထိုကိစ္စအတွက် လက်ရှိ MSG ထက်ပိုအားကောင်း MSG ဖြစ်လာရန်အတွက် ဆုံးဖြတ်ချက်များ ချနိုင်ရင် ပိုကောင်းမည်ဖြစ်ကြောင်း** အကြံပြုဆွေးနွေးထားပါသည်။

EITI Law အတွက် Legislation Review လုပ်မည့် Consultant ငှားရမ်းခြင်းကိစ္စအတွက်  Workplan ထဲတွင်လည်းပါဝင်ထားပြီးဖြစ်ကြောင်း၊ TOR ဆွေးနွေးရန် ရှိထားပြီးဖြစ်ကြောင်း၊ ထိုကိစ္စအတွက် အသေးစိတ်ဆွေးနွေးရန် နည်းပညာနှင့် အစီရင်ခံစာလုပ်ငန်းခွဲကော်မတီတွင် ဆွေးနွေးခွင့်ပြုစေလိုကြောင်း ဆွေးနွေးခဲ့ပါသည်။

အရပ်ဖက်ကိုယ်စားလှယ်တစ်ဦးမှ **SOE/SEE reform workshop များတွင် ဌာနဆိုင်ရာများမှ တကယ်ဆုံးဖြတ်ပိုင်ခွင့်ရှိသူများ သာ တက်ရောက်စေချင်ကြောင်း၊ ရက်သတ်မှတ်တာထက် ပိုအရေးကြီးကြောင်း၊ ဌာနဆိုင်ရာများအ တွက်လည်း ထိုပြုပြင်ပြောင်းလဲရေးကိစ္စများသည် ကိစ္စရပ်ကြီးတစ်ခုဖြစ်ကြောင်း** ဆွေးနွေးခဲ့ပါသည်။

Workshop သုံးခုအနက် ၁၄၊ ၁၅ တွင် ပြုလုပ်မည့် NORAD သင်တန်းသည် ၎င်းတို့အဆိုပြုထားသည့်အတိုင်း MSG များမှ ထိုရက်တွင်သာ တက်သင့်ကြောင်း၊ Recommendation Workshop ကို ဇွန် (၈) ရက်ဝန်းကျင်တွင် ကျင်းပသင့်ပြီး အခြားအစည်းအဝေးတစ်ခုနှင့် ကပ်လျက်ပြုလုပ်သင့်ကြောင်း၊ ဌာနဆိုင်ရာများအတွက်ဦးစားပေးမည်ဆိုပါကနေပြည်တော်တွင် ပြုလုပ်လျှင်ပိုအဆင်ပြေကြောင်း၊ ဇွန် (၁၈-၂၁) ဝန်းကျင်ကျင်းပမည့် SOE/SEE အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်တွင်သာ ကျင်းပစေလိုကြောင်း ၊ မည်သူများကို ဦးစားပေးဖိတ်ပြီး ဦးစားပေးဆွေးနွေးမည့်အကြောင်းအရာများကို သေချာပြင်ဆင်စေလိုကြောင်း အစိုးရကိုယ်စားလှယ်တစ်ဦး မှ အကြံပြုခဲ့ပါသည်။

ညှိနှိုင်းရေးမှူးမှ မိမိတို့ Rennaissance Institute အဖွဲ့အနေဖြင့် (၁၉) ရက်နေ့တွင် လွှတ်တော်နှင့်ဆွေးနွေးပွဲရှိနေ၍ ထိုရက် နောက်ပိုင်းကျင်းပပါက အဆင်ပြေကြောင်း၊ (၄) ရက်မှ (၈)

ရက်အတွင်း အဆိုပြုထားသည့် Recommendation Workshop ကိုလည်း နောက်ဆုတ်၍ ကျင်းပသည်မှာ ပိုကောင်းမည်ဖြစ်ကြောင်း အကြံပြုခဲ့ပါသည်။

မိမိတို့အနေဖြင့် အထက်ပါ အစည်းအဝေးကျင်းပမည့်ရက်များသည့် အကြံပြုထားခြင်းဖြစ်ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲများအပြီး Validation အတွက် Action Plan ထွက်လာအောင် ဆောင်ရွက်မည် ဖြစ်ကြောင်း၊ SOE/SEE Workshop သည်လည်း တွင်းထွက်သယံဇာတနှင့်သက်ဆိုင်သည့် SOE များ အတွက်သာ ရည်ရွယ်ထားခြင်းဖြစ်ကြောင်းဆွေးနွေးခဲ့ပါသည်။

ပထမအစည်းအဝေးအား (၈) ရက်နေ့ သောကြာနေ့တွင် အဆိုပြုထားသည့် Recommendation Workshop အတွက် မည်သူတွေဦးစားပေးတက်သင့်သလဲ စာရင်းပြုစုထားသင့်ပြီး Workshop design နှင့် ထိုဆွေးနွေးပွဲတွင် ထွက်ရှိမည့် Outcome များကို သေချာပြင်ဆင်ပြီး ပိုမိုထိရောက်သည့် အလုပ်ရုံဆွေးနွေးပွဲဖြစ်စေချင်ကြောင်း၊ SOE reform သည် ပိုမိုအသေးစိတ်ဆွေးနွေးရမည်ဖြစ်သည့် အတွက် (၂)ရက် သို့မဟုတ် (၃) ရက်ဆွေးနွေးရမည်ဖြစ်သည့်အတွက် (၂၂) နောက်ဆုံးကျင်းပရန် အကြံ ပြုပါကြောင်း အရပ်ဖက်ကိုယ်စားလှယ်တစ်ဦးမှ ဆွေးနွေးခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲများကို ဆုံးဖြတ်ချက်ချနိုင်သူများတက်သင့်ကြောင်း၊ တချို့သော ဆွေးနွေးပွဲများကို တပေါင်းတည်းရက်များကပ်လျက်စီစဉ်စေချင်ကြောင်း၊ သို့မှသာ ဌာနဆိုင်ရာ အရာရှိများမှ တဆက် တည်းတက်ရောက်နိုင်မည်ဖြစ်ကြောင်း အစိုးရကိုယ်စားလှယ်တစ်ဦးမှ အကြံပြု ဆွေးနွေးခဲ့ပါသည်။

Recommendation Workshop အား ဇွန်(၉) ရက်နေ့တွင် ရန်ကုန်၌ ကျင်းပရန် သဘောတူကြောင်း ကိုယ်စားလှယ်များမှ ဆုံးဖြတ်ခဲ့ပါသည်။

EITI အစီရင်ခံစာများတွင် ပထမအကြိမ် အစီရင်ခံစာအပေါ်၌ မှတ်ချက် (၁၄) ခုရရှိခဲ့ကြောင်း၊ ဒုတိယ၊ တတိယ အစီရင်ခံစာများတွင် မှတ်ချက် (၂၂) ခု ရရှိခဲ့ကြောင်း၊ မှတ်ချက်အကုန်လုံးအား Recommendation Workshop တွင် ဆွေးနွေးမည်ဖြစ်ကြောင်း

ပထမဦးဆုံး ပထမအကြိမ် အစီရင်ခံစာ၏ မှတ်ချက်(၁၄) ချက်အတွက် ဌာနဆိုင်ရာများ၏ ဆောင်ရွက် ထားရှိမှု၊ အကောင်အထည်ဖော်ထားမှုအခြေအနေကို လုပ်ငန်းကော်မတီအစည်းအဝေးတွင်လည်း တင်ပြထားပြီးဖြစ်ကြောင်း၊ ယနေ့တွင် မှတ်ချက်(၇) နှင့် (၁၂) တို့တွင် စွမ်းဆောင်ရည်အားနည်းသည် ဟု မှတ်ချက်များပြုထားခြင်းဖြစ်ပြီး ထိုမှတ်ချက်များအတွက် ဌာနဆိုင်ရာ EITI လုပ်ငန်းအကောင်အ

ထည့်ဖော်ရာတွင် ဝန်ထမ်းအပြောင်းအလဲမကြာခဏရှိနေသောကြောင့် အစိုးရဝန်ကြီးဌာနများမှ EITI template များနှင့် assessment များအတွက် တာဝန်ထမ်းဆောင်မည့်ဝန်ထမ်းအား ပုံမှန်တာဝန်ထမ်းဆောင်နိုင်ရန် ညွှန်ကြားစာထွက်ပေးဖို့ လုပ်ငန်း ကော်မတီတွင် ဆွေးနွေးခဲ့ပြီး ဇွန်လထဲတွင် ထွက်ရှိလာမည်ဖြစ်ကြောင်း၊ Consultant ငှားရမ်းခြင်း၊ legal review ပြုလုပ်ခြင်းများအတွက် နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီတွင် ဆွေးနွေး ကြမည် ဖြစ်ကြောင်း၊ ထိုကိစ္စများဆွေးနွေးပြီးပါက MSG သို့ ဆက်လက်တင်ပြမည်ဖြစ် ကြောင်း၊ ထိုနောက် Validation မတိုင်ခင် ဆောင်ရွက်ရမည့်ကိစ္စများအတွက် ညွှန်ကြားစာထုတ်ပေး ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးကိုလည်း တင်ပြထားပါကြောင်း၊ ထို့နောက် မှတ်ချက် (၆)တွင်ပါရှိသော စစ်တပ် ကျောထောက်နောက်ခံပြုထားသော ကုမ္ပဏီများဖြစ်သည့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း နှင့် မြန်မာ့စီးပွားရေး ဦးပိုင်တလီမိတက်အတွက် မြန်မာ့စီးပွား ရေးကော်ပိုရေးရှင်းသည် အစီရင်ခံစာ ထဲတွင် ပါဝင်ပြီး အချက်အလက်များ ဖြည့်သွင်းရာတွင်လည်းပါဝင်ကြောင်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သည် ကိုယ်တိုင်မပါဝင် သော်လည်း လက်ခွဲကုမ္ပဏီ(၃) ခုပါဝင်ကြောင်း၊ အချက်အလက်များလည်း ပံ့ပိုးပေးခဲ့မှုများ ရှိကြောင်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့်ပတ်သက်၍ မှတ်ချက်ဖြစ်သည့် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်နှင့် လက်ခွဲကုမ္ပဏီများ မည်ကဲ့သို့သော ဆက်နွယ်မှုရှိသလဲ ဖော်ပြပေးရန်ဟု ပါရှိထားကြောင်း၊ ထို့အတွက် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် ၏ မန်နေဂျင်းဒါရိုက်တာနှင့် တွေ့ဆုံရန် စီစဉ်ထားပြီး လုပ်ငန်းကော်မတီတွင်လည်း စာထုတ်ပေးရန် တင်ပြထားကြောင်း ဆွေး နွေးခဲ့ပါသည်။

ကိုယ်စားလှယ်တစ်ဦးမှ ဆွေးနွေးရာတွင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့်ပတ်သက်၍ ပထမအကြိမ် အစီရင်ခံစာမှ မှတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေတွင် (Yes)ဟု မပြထားသင့်ဘဲ (Partially) ဟုသာ ပြသင့်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဦးပိုင်အနေဖြင့် နိုင်ငံပိုစီးပွားရေးလုပ်ငန်းလား၊ မည်ကဲ့သို့ ပုံစံဖြင့် ဆောင်ရွက်နေသလဲဆိုသည့် အချက်များ မရသေးကြောင်း၊ အချို့သော အချက်အလက်များသာ ရရှိသေးသောကြောင့်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပြီး ဦးပိုင်အနေဖြင့် အကြံပြုမှတ် ချက်များအပေါ် အကောင်အထည်ဖော်ထားမှုအခြေအနေကို ဇွန်လ မကုန်မီ ညှိနှိုင်းရေးရုံးသို့ ပေးပို့ရန် လိုအပ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့ပါသည်။

မြန်မာစီးပွားရေးဦးပိုင်လီမိတက်၊ မြန်မာရူဘီအင်တာပရိုက်စ် မှ ကိုယ်စားလှယ်တစ်ဦးမှ Kaya Mining နှင့် သမ္မတတို့သည် မိမိတို့နှင့်သက်ဆိုင်ကြောင်း၊ အသေးစိတ်သိချင်ပါက မိမိတို့၏ ယာယီမန်နေဂျင်း ဒါရိုက်တာ ဗိုလ်မှူးကျော်ဝင်းနိုင်၊ ဖုန်းနံပါတ် ၀၁၆၅၆၅၇၈၊ ဗိုလ်မှူးကျော်တင့်(အငြိမ်းစား)၊ ဒါရိုက်တာ၊ ဖုန်းနံပါတ် ၀၁၆၅၆၇၉ ရုံးလိပ်စာကတော့ အမှတ်(၂၂)၊ ပြည်သူ့လမ်း (၆)မိုင်၊ မရမ်းကုန်းမြို့နယ်သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း၊ မိမိအနေဖြင့် အကြမ်းဖျင်းမျှသာ ပြောလို့ရကြောင်း၊ KLBC အနေဖြင့် မြန်မာစီးပွားရေးဦးပိုင်၏ လက်အောက်ခံအဖြစ် မြန်မာရူဘီအင်တာပရိုက်နှင့် ပူးပေါင်း ဆောင်ရွက်ကြောင်း၊ မိုးမိတ်သစ္စာပန်းကုမ္ပဏီကတော့ မြန်မာရူဘီအင်တာပရိုက်၏ လက်ခွဲ ကုမ္ပဏီဖြစ်ပါကြောင်း၊ ထိုကုမ္ပဏီအတွက် ကျောက်မျက်ရတနာလုပ်ငန်းလုပ်ရန် လုပ်ကွက် လျှောက်ကြောင်း၊သို့သော် ကျောက်မထွက်ဘဲ ရွှေထွက်သဖြင့် ရွှေလုပ်ငန်းသာ လုပ်ကြောင်း၊ အသေးစိတ်ကိုတော့ မိမိတို့ရုံးသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်းဆွေးနွေးခဲ့ပြီး စီမံကိန်းအကြံပေးမှ အရပ်ဖက်ကိုယ်စားလှယ်တစ်ဦးထောက်ပြသော Yes အစား Partially မှာ မှန်ကန်ကြောင်းနှင့် မိမိတို့ အနေဖြင့် Military Holding Companies များနှင့် ပတ်သက်၍ မှတ်ချက်တွင် on going အခြေအနေ တွင်သာ ရှိသေးကြောင်း ပြန်လည်ဖြည့်စွက်ခဲ့ပါသည်။

အစီရင်ခံစာများတွင် မပါသေးဘဲ ကျန်ရှိခဲ့သော အချက်အလက်များအား MEITI Website များ (သို့မ ဟုတ်) သက်ဆိုင်သည့် ဌာနဆိုင်ရာ Website များတွင် ဖော်ပြပါ အကျုံးဝင်သေးကြောင်း ယခင်က တည်းကဆွေးနွေးပြီးသားဖြစ်ကြောင်း၊ ထို့အတွက် လိုအပ်သော အချက်အလက်များကို ဌာနများမှ ညှိနှိုင်းရေးရုံးသို့ ပေးပို့ဖို့လိုကြောင်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ရရှိပြီးဖြစ် ကြောင်း၊ အခြားဌာနတော်တော်များများမှ ရရှိရန်လိုအပ်နေသေးကြောင်း၊ MOEE ထံမှလည်း မည်သည့် အချက်အလက်မှ မရရှိသေးကြောင်း၊ မည်သည့်အခက်အခဲရှိနေသည်ကို ရှင်းပြစေလိုကြောင်းပြော ကြားရာတွင် MOEE ၏ ကိုယ်စားလှယ်တစ်ဦးမှ ပြီးခဲ့သည့် လုပ်ငန်းကော်မတီအစည်းအဝေးတွင်လည်း တင်ပြဆွေးနွေးပြီးပါကြောင်း၊ ယခင်က စွမ်းအင်စီမံဦးစီးဌာနဆိုပြီးရှိပါကြောင်း၊ ထို့နောက် လျှပ်စစ်နှင့် ပူးပေါင်း၍ လျှပ်စစ်နှင့် စွမ်းအင်ဆိုပြီးဖြစ်လာကြောင်း၊ အပြောင်းအလဲများနှင့်အတူ အခက်အခဲများ ရှိ ပါကြောင်း၊ ၂၀၁၄-၁၅ နှင့် ၂၀၁၅-၁၆ အတွက် စာရင်းများရှိပါကြောင်း၊ ထိုစာရင်းများ ပြန်လုပ်ပေးဖို့ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များထံ တင်ပြထားကြောင်း၊ ဇွန်လလယ်လောက်တွင် ပေးနိုင်မည်

ဖြစ်ကြောင်း၊ အရပ်ဖက်မှ တောင်းထားသည့် Subsidiaries စာရင်းများလည်း ပေးမည်ဖြစ်ပါကြောင်း ဆွေးနွေးခဲ့ပါသည်။

ထို့နောက် ပြီးခဲ့သည် သုံးပွင့်ဆိုင်အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် အစီရင်ခံစာများတွင် ကွဲလွဲနေသည့် ရာခိုင်နှုန်းများ ပြင်ဆင်ရန်အတွက် MOEE မှ ရှင်းလင်းချက်များ ပေးမည်ဟု ပြောခဲ့ ကြောင်း၊ ဧပြီ (၃၀) ရက်နေ့တွင် ညှိနှိုင်းရေးရုံးသို့ ပေးပို့မည်ဟု အစည်းအဝေး ဆုံးဖြတ်ချက်တွင် ပါခဲ့ကြောင်း ဖြည့်စွက်ခဲ့ပါသည်။

ထို့ကြောင့် MOEE မှ ပြန်လည်၍ ယခင်က မူကြမ်းမထွက်ခင် နစ်ပတ်အလိုကတည်းက IA အား ထိုရာခိုင်နှုန်းများပြင်ရန်အတွက် ပေးပို့ခဲ့ကြောင်း၊ သို့သော် ပြင်ဆင်ထားခြင်းမရှိကြောင်း၊ မှားယွင်းသည့် အချက်အလက်များရှိပါက IA အနေဖြင့် ပြန်ပြောရန် လုံလောက်သော အချိန်ရှိကြောင်း၊ သို့သော် ပြန်မပြောဘဲ ပြင်ဆင်ခြင်းလည်း မပြုလုပ်ခဲ့ကြောင်း ဆွေးနွေးခဲ့ပါသည်။

စီမံကိန်းအကြံပေးမှ IA အနေဖြင့် ကိန်းဂဏန်းများပြင်ဆင်ရန်အတွက် ပြည့်စုံသော ရှင်းလင်းချက် အသေးစိတ်များပါရှိပြီး ခိုင်မာသော ဖြေရှင်းချက်ပေးနိုင်မှသာ ပြင်ဆင်ပေးကြောင်း၊ MOEE မှလည်း အသေးစိတ်အချက်အလက်များပေးမည်ဟု ပြီးခဲ့သည့် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအစည်းအဝေးတွင် ပြန်လည်ဆွေးနွေးခဲ့သည့်အတွက် မိမိအနေဖြင့် ထပ်မံသတိပေးရခြင်းဖြစ်ကြောင်း ဖြည့်စွက်ခဲ့ပါသည်။

ထို့နောက် ကိုယ်စားလှယ်များမှ MOEE ၊ NCS ၊ IA တို့ သည် leading committee နှင့် ချိတ်ဆက်၍ complain letter များ၊ ရှင်းလင်း စာများဖြင့် အပြန်အလှန်ဆွေးနွေးရန် ဆွေးနွေးခဲ့ကြပြီးနောက်တွင် ကိုယ်စားလှယ်များ၏ ဆုံးဖြတ်ချက်များအရ MOEE မှ ရာခိုင်နှုန်းအပြောင်းအလဲပြုလုပ်မည့် ကိစ္စအတွက် ရှင်းလင်း ချက်အသေးစိတ်ကို ဇွန်လ(၈) ရက်နေ့တွင် ညှိနှိုင်းရေးရုံးသို့ ပေးရန် ဆုံးဖြတ်ခဲ့ ပါသည်။

Domestic Market Obligation (DMO) နှင့်ပတ်သက်၍လည်း MOEE ၏ တာဝန်ရှိသူနှင့် ဆွေးနွေးရန် ရှိသေးကြောင်း၊ IA နှင့် Skype call ခေါ်ဆို၍ ရှင်းလင်း၍ ရကြောင်း၊ IA နှင့် Skype call မပြောခင် ကိုယ်စားလှယ်အား ရှင်းလင်းစရာများရှိသေးကြောင်း၊ ထို့ကြောင့် ဆွေးနွေးလိုသည့်အချက်အလက် များကို ဒုဝန်ကြီးမှ တဆင့် MSG ဦးဆောင်ကော်မတီကို တင်ပြပေးရန် တောင်းဆိုပါကြောင်း၊ မိမိတို့

အနေဖြင့် အစည်းအဝေးမှတ်တမ်းများကို International Secretariat သို့ စတင်ပေးပို့နေကြောင်း တင်ပြခဲ့ပါသည်။

MOEE မှ ကိုယ်စားလှယ်မှလည်း မိမိတို့အနေဖြင့် ဖွဲ့စည်းပုံလည်း ပြင်ဆင်နေပါကြောင်း၊ Validation အတွက်လည်း တာဝန်ရှိကြောင်းအဖွဲ့ကို ပြောကြားထားပါကြောင်း၊ ကြိုတင်ပြင်ဆင်မှု များလည်း ပြုလုပ်နေပါ ကြောင်း ပြောကြားခဲ့ပါသည်။

နောက်ထပ်အပိုင်းအနေဖြင့် Validation မတိုင်ခင် ပြုလုပ်ရမည့် အချက်များအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာန သုံးခုဖြစ်သည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန( MOPF)၊ သယံဇာတနှင့်သဘာဝပတ် ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန (MONREC) နှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန (MOEE) တို့ ရှိကြောင်း၊ MOPF နှင့်ပတ်သက်သည့် အကြံပြုချက်များအနေဖြင့် ပြည်တွင်းအခွန်ဦးစီးဌာနနှင့်ပတ်သက် သော အချက်အလက်များဖြစ်သည့်အတွက် ပြည်တွင်းအခွန်များဦးစီးဌာနသို့လည်း ဤအချက်များကို ပို့ထားပြီးဖြစ်ကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာန(IRD) မှလည်း မှတ်ချက်များပေးထားကြောင်း၊ အစီရင်ခံ စာများတွင် ထည့်သွင်းထားကြောင်း၊ ထိုအချက်ထဲမှ ဥပမာ ပြည်တွင်းအခွန်များဦးစီးဌာန၏ စွမ်းဆောင်မြှင့်တင်ခြင်း နှင့်ပတ်သက်၍ အကြံပြုချက်နှင့်ပတ်သက်၍ အကောင်အထည် ဖော်ထားမှုအခြေအနေများကို ကာလ အပိုင်းအခြား၊ အချိန်များဖြင့် ဆောင်ရွက်နေမှုကို ရှေ့လာမည့် Recommendation Workshop တွင် ဆွေးနွေးပေးပါက ပိုကောင်းမည်ဖြစ်ကြောင်း၊ Beneficial Ownership (BO) နှင့်ပတ်သက်၍ လုပ်ငန်းအစီအစဉ်ချမှတ်ထားသဖြင့် အသေးစိတ်မရှင်းပြတော့ကြောင်း၊ ထို BO နှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန (DICA) ကို ဗဟိုဌာနအနေဖြင့် ထားမလား အကြံပြုထားပါကြောင်း၊ အသေးစိတ်များကို နောက်ပိုင်းတွင် တင်ပြဆွေးနွေးမည်ဖြစ် ကြောင်း၊ MONREC လက်အောက်ရှိ သတ္တုကဏ္ဍတွင် စာချုပ်စာတမ်းများနှင့် အချက်အလက်များ ဖော် ပြမှု၊ လိုင်စင်လျှောက်ထားရာတွင် လျှောက်ထားသူ၏ အချက်အလက်များ၊ လုပ်ကွက် တည်နေရာအချက်အလက် များ၊ စာချုပ်များနှင့်ပတ်သက်၍ ဖော်ပြရန် အကြံပြုထားသည်ကို မည်ကဲ့သို့ ဆောင်ရွက်မည်ကို ဆွေးနွေးရန်လိုအပ်ကြောင်း၊ Website များပေါ်တွင် ဖော်ပြ၍ ရမည်လားဆိုသည် ကို သက်ဆိုင်ရာဌာနများသို့လည်း စာပို့ထားပြီးဖြစ်ပါကြောင်း၊ ထိုစာကို Working

committee မှ ထုတ်မည့်တွင်လည်း ပါဝင်ပါကြောင်း၊ ထိုစာကျလာပါက ဖွန်လ တတိယပတ်တွင် ဖော်ပြ နိုင်ပါက ကောင်းမွန်မည်ဖြစ်ကြောင်း စာထဲတွင်လည်း ဖော်ပြထားပြီး ဌာနများမှ တတ်နိုင်သမျှ မြန်မြန်ပေးပို့ပေးရန် တောင်းဆိုပါကြောင်း၊ သတ္တုကဏ္ဍနဲ့ပတ်သက်၍ လိုင်စင် လျှောက်ထားခြင်းလုပ်ငန်းစဉ်များတွင် တင်ဒါလုပ်ငန်းဖြင့် ဆောင်ရွက်ရန်၊ လိုင်စင်လျှောက် ထားရာတွင် Beneficial ownership ကို ထည့်သွင်းစဉ်းစားဖော်ပြဖို့ အကြံပြုထားပါကြောင်း၊ ဤအချက် ကို ပြီးခဲ့သည့် လုပ်ငန်းကော်မတီအစည်းအဝေးတွင်လည်း တင်ပြထားပြီးဖြစ်ကြောင်း၊ လိုင်စင်လျှောက် ထားပြီးသည့်အခါ လျှောက်ထားသူနှင့်ပတ်သက်၍ အချက်အလက်များထည့်သွင်းဖော်ပြရမည့်ကိစ္စ၌ မည်ကဲ့သို့ ဆောင်ရွက်သင့်သည်ကိုလည်းဆွေးနွေးခဲ့ပါကြောင်း၊ ဤအချက်ကို ရှေ့လာမည့် Recommendation consultation workshop တွင် ဆွေးနွေးမည်ဖြစ်ကြောင်း၊ MOEE နှင့်ပတ်သက်သည့် အချက်များတွင် ၂၀၁၃-၁၄ ခုနှစ်တွင် ပါဝင်ခဲ့သည့် ကုမ္ပဏီနှင့်သက်ဆိုင်သည့် အချက်အလက်များ၊ Production sharing contract (PSC) နှင့်ပတ်သက်သည့် အချက်များ၊ လိုင်စင် လျှောက်ထားရာတွင် လာရောက်လျှောက်ထားသော်လည်း ရွေးချယ်မခံလိုက်ရသည့် ကုမ္ပဏီများ စာရင်းကို ဖော်ပြပေးရန် အကြံပြုထားကြောင်း၊ ထိုကုမ္ပဏီစာရင်း နှင့် PSC တွင် ပိုမို ပြည့်စုံအောင် ၂၀၁၉ ခုနှစ်အထိ ရည်ရွယ်ဆောင်ရွယ်ထားသည့် အချက်များကို ပေးပို့နိုင်ပါက တိုး တက်မှုအတွက် အချက်အလက်များ ဖော်ပြနိုင်ရင် ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း၊ လုပ်ကွက်ချထားပေးသည့် လုပ်ကွက်နေရာများ၏ တည်နေရာမြေပုံအညွှန်း (coordinates) များ ဖော်ပြပေးရန် အကြံပြုပါကြောင်း ၊ PSC နှင့်ပတ်သက်၍ အကောင်အထည်ဖော်မှုများကို Validation မတိုင်ခင် Recommendation Workshop တွင် ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း၊ MOEE နှင့် ပတ်သက်သည့် အကြံပြုချက်များအား အကောင်အထည်ဖော်ရန်လည်း MSG ဥက္ကဋ္ဌမှလည်း စာထုတ်ပြီးဖြစ်ပါကြောင်း၊ စသဖြင့် အကြံပြုချက်အခြေအနေများအား အကျဉ်းချုပ် တင်ပြခဲ့ ပါသည်။

MOEE မှ တာဝန်ရှိသူမှ မိမိတို့အနေဖြင့် ကုမ္ပဏီအချက်အလက်များ၊ တင်ဒါခေါ်မှုပုံစံများ၊ မြေပုံများ အားလုံးပေးပို့ပြီးဖြစ်ပါကြောင်း၊ အသေးစိတ်ကုမ္ပဏီများစာရင်းသာ ပေးရန်ကျန်တော့ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုဝန်ကြီးထံ တင်ပြထားကြောင်း ဆွေးနွေးခဲ့ပါသည်။

## ၇။ ၂၀၁၆-၁၇ ဘဏ္ဍာနှစ် နှင့် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်များအတွက် ငှားရမ်းမည့် လွတ်လပ်သော စာရင်းတိုက်ဆိုင်စစ်ဆေးသူ(Independent Administrator-IA) ၏ လုပ်ငန်းတာဝန်များအား ဆွေးနွေးခြင်း

ပထမဦးစွာ အရပ်ဖက်အဖွဲ့အစည်းကိုယ်စားလှယ်တစ်ဦးမှ SOE တွင်းထွက်လုပ်ငန်းကဏ္ဍနှင့် ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲကျင်းပရုံမကဘဲ သုတေသနပြုလုပ်ရန်လည်း MEITI workplan တွင် ပါထားပြီးဖြစ်သည့်အတွက် သုတေသနပြုလုပ်ရန် consultant ငှားရမည်ဖြစ်ကြောင်း စတင်ဆွေးနွေးခဲ့ပါသည်။ SOE နှင့်ပတ်သက်၍ သုတေသနပြုလုပ်ရန် အတွက် Consultant ငှား၍ ဆောင်ရွက်ရန်နှင့် ထို Consultant ၏ လုပ်ငန်းတာဝန်များ ရေးဆွဲရန်လိုအပ်ကြောင်း၊ ထိုလုပ်ငန်းတာဝန်များအား ဇွန်လ (၈) ရက်နေ့တွင် ကျင်းပမည့် နည်းပညာနှင့် အစီရင်ခံစာလုပ်ငန်းခွဲကော်မတီတွင် ဆွေးနွေးဆုံးဖြတ်ရန်အတွက် စီမံကိန်းအကြံပေးမှ အကြံပြုသည့်အပေါ် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ သဘောတူခဲ့ပါသည်။

ထို့နောက် ၂၀၁၆-၁၇ ဘဏ္ဍာနှစ် နှင့် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်များအတွက် IA ငှားရမ်းရန် အတွက် IA ရွေးချယ်ရန် နှင့် လုပ်ငန်းတာဝန်သတ်မှတ်ရေးဆွဲရန်လိုအပ်နေပြီဖြစ်ကြောင်း၊ ထို့အတွက် လုပ်ငန်းနယ်ပယ်သတ်မှတ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ International Secretariat မှ အကြံပြုထားရာတွင် IA အား နှစ်စဉ်ငှားရမ်း၍ ရွေးချယ်မှုလုပ်ငန်းစဉ်ကို ဆောင်ရွက်နေမည့်အစား ဘဏ္ဍာနှစ် နှစ်နှစ်စာ ငှား၍ ဆောင်ရွက်ရန် အကြံပြုထားကြောင်း၊ ထို့အတွက် လုပ်ငန်းနယ်ပယ်အတွက် သုံးပွင့်ဆိုင်အဖွဲ့မှ ဆွေးနွေးပေးစေလိုပြီး အသေးစိတ်များကို နည်းပညာနှင့်လုပ်ငန်းခွဲကော်မတီတွင် ဆွေးနွေး ဆုံးဖြတ်ရန် အကြံပြုသည့် အပေါ် သုံးပွင့်ဆိုင်အဖွဲ့မှ သဘောတူခွင့်ပြုခဲ့ပါသည်။

ပြီးခဲ့သည့် အစီရင်ခံစာများမှ သုံးပွင့်ဆိုင်အဖွဲ့အား အကြံပြုထားရာတွင် (၇.၃.၁၃) နောင်လာမည့် EITI အစီရင်ခံစာများတွင် ထပ်မံထည့်သွင်းပါက အစီရင်ခံစာအရည်အသွေး ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ အကြံပြုထားသည့်အထဲတွင် တွင်းထွက်လုပ်ငန်းများ၏ ဘဏ္ဍာ ငွေစာရင်းများတွင် ယခင်က Upstream data များသာပါသည့် ယခုလာမည့် အစီရင်ခံစာများအတွက် Mid stream နှင့်

downstream data များပါ ထည့်ရန် အကြံပြုထားပါကြောင်း၊ Upstream Data များအနေဖြင့် ဥပမာ Oil and Gas Sector တွင် exploration၊ production အဆင့် များ၊ Midstream Data များအနေဖြင့် transporation၊ storage data ၊ Petro-chemical data များပါဝင်မည်ဖြစ်ပြီး downstream data အနေဖြင့် manufacturing data များပါဝင်ကြောင်း၊ ထို့ကြောင့် ရှေ့လာမည့်အစီရင်ခံစာများတွင် Downstream Data များထပ်ထည့်ရန် ဆွေးနွေးပေးစေလိုကြောင်း ဆွေးနွေးခဲ့ပါသည်။

ထို့နောက် အရပ်ဖက်ကိုယ်စားလှယ်တစ်ဦး Hydro power အတွက် ယခင်ကတည်းက ထည့်သွင်းရန် ဆုံးဖြတ်ထားပြီးဖြစ်သည့်အတွက် ထပ်မံဆုံးဖြတ်စရာမလိုကြောင်း၊ သို့သော် Hydro power မှ သက်ဆိုင်သည့် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ယခုကတည်းက EITI လုပ်ငန်းစဉ်များနှင့် ရင်းနှီး ကျွမ်းဝင်မှုရှိရန် လိုအပ်ကြောင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းများတွင်လည်း ဖိတ်ကြားရန်လိုအပ်မည်ဖြစ်ကြောင်း ထောက်ပြဆွေးနွေးခဲ့ပါသည်။

အရပ်ဖက်ကိုယ်စားလှယ်တစ်ဦးမှလည်း **Upstream နှင့် Downstream Data များကို မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း (MOGE) အပြင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (MOEE) တို့ပါ ထည့်သွင်း ဆောင်ရွက်သင့်ကြောင်း အကြံပြုခဲ့ရာ ကိုယ်စားလှယ်အားလုံးမှ သဘောတူခဲ့ပါသည်။**

ထို့နောက် စီမံကိန်းအကြံပေးမှ လုပ်ငန်းနယ်ပယ်သတ်မှတ်ပြီး IA ၏ လုပ်ငန်းတာဝန်တွင်လည်း အင်္ဂလိပ်၊ မြန်မာဘာသာပြန်သည့် ကိစ္စရပ်များအတွက် သတ်သတ်မှတ်မှတ်ခွဲခြား၍ တာဝန်သတ်မှတ် ဖော်ပြပါက IA နှင့် NCS အကြား လုပ်ငန်းတာဝန်ရှင်းလင်းမြင်ဖြစ်ကြောင်း၊ ထို့အပြင် Local partner ငှားရမ်းရာတွင် မှတ်ပုံတင်ထားသည့် Local partner ဖြစ်မှ IA နှင့် တွဲဖက်ဆောင်ရွက်နိုင်မည်ဖြစ်သောကြောင့် ထိုအချက်ကိုလည်း လုပ်ငန်းတာဝန်သတ်မှတ်ချက်တွင် ဖော်ပြရမည်ဖြစ်ကြောင်း၊ အသေးစိတ်လုပ်ငန်းတာဝန်များအား နည်းပညာနှင့် အစီရင်ခံစာ လုပ်ငန်းခွဲကော်မတီတွင် ဆွေးနွေးမည်ဖြစ်သည့်အတွက် လုပ်ငန်းနယ်ပယ်သတ်မှတ်ခြင်းအား သတ်မှတ်ပြီးကြောင်း ဆွေးနွေးခဲ့ပါသည်။

### ၈။ (၁၃) ကြိမ်မြောက် သုံးပွင့်ဆိုင် ညွန့်ပေါင်းအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်ပြီးစီးမှုများအား တင်ပြခြင်း (စီမံကိန်းအကြံပေးအရာရှိ၊ ညှိနှိုင်းဖော်ဆောင်ရေးရုံး)

ပြီးခဲ့သည့် (၁၃) ကြိမ်မြောက်အစည်းအဝေးဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်မှုအနေအား အောက်ပါအတိုင်း ဆွေးနွေးခဲ့ပါသည်။

| စဉ် | ဆုံးဖြတ်ချက်များ | လုပ်ဆောင်မည့် အချိန် | တာဝန်ရှိသူ | အကောင်အထည်ပြီးစီးမှု |
|---|---|---|---|---|
| ၁။ | MOGE မှ ဆွေးနွေးခဲ့သည့် မြန်မာနိုင်ငံ EITI နောက်ဆုံးအစီရင်ခံ စာတွင် ကွဲလွဲနေသော အချက်များဖြစ်သည့် (Flow chart ရှိ %) နှင့် ၂၀၁၄-၁၅ နှင့် ၂၀၁၅-၁၆ အစီရင်ခံစာတို့တွင် MOGE ၏ Cost of Production တွင် ကွဲလွဲနေသည့် အချက်များအား MEITI Website တွင် တင်ပေးရန်။ | မေ (၃၀) ရက်နေ့ | MOGE | ဇွန်လ (၈) ရက်နေ့တွင် MOEE မှ အသေးစိတ်ရှင်းလင်းချက်ပေးမည် |
| ၂။ | အစီရင်ခံစာတွင် ကွဲလွဲနေသော အချက်များအား IA နှင့် ပြန် ပြောကာ Explanation များအတွက် Time line (မေ ၃၀) သတ်မှတ် ပြီး သက်ဆိုင်ရာ ဌာနများမှ ပေးရန်။<br><br>ယနေ့တွင် Digital version အား MEITI Website ပေါ်တွင် တင်ပေးရန်နှင့် print version ကို data ပြင်ဆင်ပြီးမှ ပုံနှိပ်မည်။ | မတ်လ ၃၀ | Concern Parties, NCS, IA | MOEE တစ်ခုသာ ကျန်သေးပြီး ဇွန်လ (၈) ရက်နေ့တွင် ပေးမည်။ |
| ၃။ | မြန်မာနိုင်ငံ EITI အစီရင်ခံစာ (Final) တွင်ပါဝင်သည့် Table no.3, pg 11 ရှိ Central committee column တွင်ရှိသော ဂဏန်းများကို Transfers from SOEs to Government column အောက်မှ ဖယ်ထုတ်၍ သီးခြား Column ဖြင့် ဖော်ပြရန်။<br>ယင်းအတွက် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းမှ Central committee ပေါ်ပေါက်လာပုံ နှင့် ဖွဲ့စည်းပုံတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းချက်စာ NCS သို့ပေးပို့ရန်။ | | MGE | MGE မှ NCS သို့ ပေးပို့ထားပြီး ဖြစ်ပါသည်။ |
| ၄။ | ပထမအကြိမ် EITI အစီရင်ခံစာအပေါ် ရရှိသည့် အကြံပြုချက်များ (၁၄) ချက်အနက်မှ implementation status အနေဖြင့် "No" ရရှိထားသော Publication of Statistic နှင့် EITI regulations ထွက်ရှိရန်နှင့်စပ်လျဉ်းသည့်အကြံပြုချက် (၂) ချက်အတွက် MSG နှင့် အခြားသက်ဆိုင်သူများ ပါဝင်၍ Validation မတိုင်မီ စတင် အကောင်အထည်ဖော်ရန် အတွက် ဆွေးနွေးပေးရန်။ | | Sub-Committee Member, MSG, NCS | ရှေ့လာမည့် ဇွန်လ (၉)ရက်နေ့ တွင် ပြုလုပ်မည့် Recommendation Consultation workshop တွင် ဆွေးနွေးမည် |

| | | | | |
|---|---|---|---|---|
| ၅။ | အမျိုးသားအဆင့်ညှိနှိုင်းဖော်ဆောင်ရေးမှူးရုံးမှ အစိုးရအနေဖြင့် validation အတွက် contribution လုပ်ရန် အကြောင်းကြားသည့်စာ ကို MOPF ထံသို့ပေးပို့ရန်။ | | NCS, MOPF | ၂၀၁၈ အတွက် ဒေါ်လာ ၁၀၀၀၀၀ အား ကမ္ဘာ့ဘဏ်၏ ထောက်ပံ့မှု တွင် ပါဝင်ပြီး workplan တွင် ထည့်သွင်းထားသည်။ |
| ၆။ | MOGE မှ Subsidiaries နှင့်ပတ်သက်သော စာရင်းများ(ပုဂ္ဂလိကအရောင်း) အသေးစိတ်ကို MEITI website တွင်တင်ရန်အတွက် validation မတိုင်ခင်ပေးပို့ရန်။ | | MOGE | MOGE မှ အသေးစိတ်စာရင်းများ ပေးမည်။ |
| ၇။ | Technical & Reporting sub-committee and Communication and Outreach sub-committee အစည်းအဝေး ကျင်းပမည့်ရက် | ဧပြီ ၆ ရက် | MSG, NCS | ကျင်းပပြီးစီးခဲ့ပါသည်။ |
| ၈။ | Work plan and governance meeting အစည်းအဝေး ကျင်းပမည့်ရက် | ဧပြီ ၅ ရက် | | ကျင်းပပြီးစီးခဲ့ပါသည်။ |
| ၉။ | Report launching အတွက် Launching program ဆွေးနွေးရန်နှင့် ရက်သတ်မှတ်ရန်။ | | MSG,NCS | ယနေ့အစည်းအဝေးတွင် အသေးစိတ်ဆွေးနွေးမည် |
| ၁၀။ | EITI progress report, systematic disclosures၊ mainstreaming နှင့် Integrated reporting တို့ကို working committee, leading committee အစည်းအဝေးများတွင် ထပ်မံဆွေးနွေးရန်။ | | Sub committee member, NCS | လုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပပြီးစီးခဲ့ပါသည်။ |
| ၁၁။ | အခြားနိုင်ငံများ၏ EITI အကောင်အထည်ဖော်ထားမှုအခြေအနေများ၊ ဥပမာများကို အနှစ်ချုပ်ဘာသာပြန်ပြီး IEC material နည်းဖြင့် Sub national level များတွင် အသုံးပြုရန်။ | | NCS | ဆောင်ရွက်နေဆဲဖြစ်ပါသည်။ BO နှင့်ပတ်သက်သည့် BO pamphlet နှင့် EITI standard 2016 မြန်မာဘာသာဖြင့်ထုတ်ဝေထားပါသည်။ |
| ၁၂။ | မြန်မာ့သစ်လုပ်ငန်းအနေဖြင့် reporting templates များကို စာရင်းစစ်ချုပ်ရုံး (OAG) ထံသို့ ဧပြီလ ၅ ရက်နေ့တွင် နောက်ဆုံးထား၍ပေးပို့ပေးရန် နှင့် စာရင်းစစ်ချုပ်ရုံးမှ ထပ်ချုပ်စိစစ် (verify) ထားသော reporting templates များကို ဧပြီလ ၂၇ ရက်နေ့တွင် နောက်ဆုံးထား၍ Independent Administrator (IA)ထံသို့ ပေးပို့ပေးရန်။ | ဧပြီ (၅) နှင့် (၂၇) | MTE, OAG | ဆောင်ရွက်ပြီးဖြစ်ပါသည်။ |

| | | | | |
|---|---|---|---|---|
| ၁၄။ | BO လုပ်ငန်းစဉ်သည် နိုင်ငံတော်အဆင့်ဆောင်ရွက်သော လုပ်ငန်းစဉ်ဖြစ်၍ ကုမ္ပဏီများ မဖြစ်မနေပါဝင်ရန် နှင့် ယင်းကိစ္စအား Leading committee သို့ တင်ပြရန်။ | | NCS | ဆောင်ရွက်ပြီးဖြစ်ပါသည်။ ကုမ္ပဏီ (၂၀) ပါဝင်နေပြီး reporting template များဖြည့်သွင်းရန် ပေးပို့ထားပါသည်။။ |
| ၁၅။ | MTE မှ  သဘောတူခွင့်ပြုလျှင် forestry companies များကို ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၆ ရက်၊ နေပြည်တော်တွင် ကျင်းပမည့် BO workshop သို့ ဖိတ်ရန်၊ forestry companies များမှ BO pilot တွင် ပူးပေါင်းပါဝင်ရေးအတွက် MTE မှ အကြောင်းကြားစာ ထုတ်ပေးရန်။ | | MTE, NCS | သစ်တောကုမ္ပဏီ (၂) ခု ပူးပေါင်းပါဝင် ခဲ့ပါသည်။ |
| ၁၆။ | BO pilot တွင် ပါဝင်မည့် သတ္တုလုပ်ငန်း ကုမ္ပဏီ (၉) ခုတွင် EITI scope တွင် မပါဝင်သည့် ကုမ္ပဏီ (၅)ခုအစား EITI scope တွင် ပါဝင်သည့် ကုမ္ပဏီ(၅) ခုဖြင့် အစားထိုးရန်။ ယင်းကုမ္ပဏီ (၉) ခုကို ၂၀၁၈ ခုနှစ်၊ ဧပြီလ၂၆ ရက်နေ့ နေပြည်တော်တွင် ကျင်းပမည် BO workshop သို့ ပါဝင်တက်ရောက်နိုင်ရေး ဖိတ်ကြားပေးရန်။ | | MFMA, NCS | ဆောင်ရွက်ပြီးဖြစ်ပါသည်။ |
| ၁၇။ | နေပြည်တော်တွင် SOE Workshop အား (၃) ရက် ပြုလုပ်ရန်။ SOE အလုပ်ရုံဆွေးနွေးပွဲတွင် ဌာနဆိုင်ရာများဘက်မှ presentation ပေးရမည့်ပုံစံ Format ကို သတ်ဆိုင်ရာဌာ နများအား ပို့ပေးရန်နှင့် ဌာနများသို့ အကြောင်းကြားစာ NCS မှ စာထွက်ရှိပေးရန်။ | | NCS | NCS မှ စာကြမ်းပြင်ဆင်ပြီးဖြစ်ပြီး အကြောင်းကြားစာ မထွက်ရှိရသေးပါ။ ဆောင်ရွက်ဆဲဖြစ်ပါသည်။ |
| ၁၈။ | Statement of sources and uses of fund အားအတည်ပြု ပါသည်။ | | MOPF, NCS | ဆောင်ရွက်ပြီးဖြစ်ပါသည်။ |
| ၁၉။ | Shan SNU Inception Meeting အား မေလဆန်းတွင် သွားရန်။ (အစိုးရဖက်မှ (ဆရာ ဦးကျော်သက်) လိုက်ပါမည်။ အရပ်ဖက် နှင့် လုပ်ငန်းရှင်များဖက်မှ လိုက်ပါမည့်သူ စာရင်းပေးရန်။ တိုင်းနှင့် ပြည်နယ် လေးခုသို့ ကားစင်းလုံးဌားပြီး တပြိုက်နက်သွားရန်။ | Early May | MSG, NCS | မန္တလေးနှင့် မကွေးအား မေလ (၄) ရက်၊ (၅) ရက်များတွင် သွားရောက်ခဲ့သော်လည်း ရှမ်းပြည်နယ် ခရီးစဉ်အား မသွားရောက်နိုင်သေးပါ။ |

| | | | | |
|---|---|---|---|---|
| ၂၀။ | Work plan and governance တွင် ပါဝင်သော Perception Study ကို Debate နှင့် တွဲဖက်၍ Action Research များ ပြုလုပ်ရန်အတွက် Consultant ငှားရမ်းရန်။ | | NCS | Work plan and governance subcommittee အစည်းအဝေးတွင် နောက်ပိုင်းမှသာ ဆောင်ရွက်ရန် သဘောတူခဲ့ပါသည်။ |
| ၂၁။ | MSG တွင် အစိုးရဘက်မှ အမြဲတမ်းတက်ရောက်သည့် တက်ရောက်သူကိုယ်စားလှယ်စာရင်းအား NCS မှ စာပို့ပေးရန်၊ (alternate အမြဲတမ်းဖြစ်မလား၊ ပျက်ကွက်သူအား အစားအမြဲတမ်းတက်ရောက်နိုင်ရန်အတွက် စီစဉ်နိုင်ရန်အတွက် စာပို့ရန်) | | NCS | MSG အဖွဲ့ဝင်များအား စာပို့ထားပြီး တစ်ယောက်သာ အကြောင်းပြန်ထားပါသည်။ |
| ၂၂။ | Forestry report ကို MSG ကိုယ်စား technical and reporting subcommittee မှ ဆုံးဖြတ်ပေးရန် အတည်ပြုလွှဲအပ်သည်။ | | Sub committee member | မေလ (၁၈) ရက်နေ့တွင် Technical and reporting subcommittee အစည်းအဝေးကျင်းပ၍ ဆွေးနွေးခဲ့ပါသည်။ |
| ၂၃။ | မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ခဲ့သည့် ကုမ္ပဏီများအား အသိအမှတ်ပြုမှတ်တမ်းလွှာ MSG ဥက္ကဋ္ဌမှ ပေးရန် | | MSG chairman | ရှေ့လာမည့် report launching agenda ထဲတွင် လျာထားပါသည်။ |

## ၉။ Validation နှင့်ပတ်သက်၍ ကြိုတင်လုပ်ဆောင်ရန် လုပ်ငန်းစဉ်များ

ပထမဦးစွာ Prevalidation self assessment questions များအား သုံးပွင့်ဆိုင်အဖွဲ့ ကိုယ်စားလှယ်များသို့ ဧပြီလ (၁၁) ရက်နေ့တွင် ပေးပို့ခဲ့ပါကြောင်း၊ ထို မေးခွန်းများ၏ ရည်ရွယ်ချက်များမှာ ပြီးခဲ့သည့် ၂၀၁၃-၁၄ အစီရင်ခံစာ၏ ရလဒ်များ၊အကြံပြုချက်များအား မေးခွန်းအနေဖြင့် မေးမြန်းထားခြင်းဖြစ်ကြောင်း၊ ယနေ့အထိ သုံးပွင့်ဆိုင်အဖွဲ့ကိုယ်စားလှယ် ပြန်လည်ဖြေကြားပေးပို့ခဲ့သည့် အရေအတွက်အားဖြင့် အရပ်ဖက်ကိုယ်စားလှယ်များအပိုင်းမှ MATA မှ ဦးဆောင်ဖြေကြားထားကြောင်း၊ အစိုးရအဖွဲ့ဝင်အများစုမှလည်း ပေးပို့ထားပြီးဖြစ်ကြောင်း၊ ပုဂ္ဂလိက ကိုယ်စားလှယ်များမှ နှစ်ဦးသာ ရသေးသည့်အတွက် ပြန်လည်ဖြေကြားပေးပို့ရန် တိုက်တွန်းပါကြောင်း၊ ကိုယ်စားလှယ်များထံ မှ ရရှိပြီးပါက Prevalidation Workshop Report နှင့်အတူ International Secretariat

သို့ ပေးပို့ရမည်ဖြစ်သည့်အတွက် အမြန်ဆုံးပေးပို့ကြရန် မေတ္တာရပ်ခံပါကြောင်း၊ ထို့နောက် မပို့ရသေးသည့် ကိုယ်စားလှယ်များမှ ရက်စွဲများ သတ်မှတ်၍ ဆွေး နွေးခဲ့ပါသည်။

## ၁၀။ မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်နေသည့် Mining Cadaster လုပ်ငန်းစဉ်အခြေအနေ

မိမိတို့အနေဖြင့် mining cadaster အကောင်အထည်ဖော်ရန် Precadaster Working Group ဖွဲ့စည်းရန် ဆောင်ရွက်နေကြောင်း၊ ပထမအဆင့် phase (1) တွင် သတ္တုကဏ္ဍအား ပြန်လည်သုံးသပ်၍ အစီရင်ခံစာထွက်ရှိရန် နှင့် consultant မှ အဆိုပြုထားသည့် conceptual design ပါဝင်ကြောင်း၊ ထို့နောက် Phase (2) အတွက် ငှားမည့် Consultant ၏ လုပ်ငန်းတာဝန်ကိုလည်း Phase (1) ၏ consultant မှ ရေးပေးရမည်ဖြစ်ကြောင်း၊ phase (1) အတွက် Consultant နှင့် ဆောင်ရွက်နေပြီး ကြားဖြတ်အစီရင်ခံစာကို မတ်လတွင် တင်ပြထားကြောင်း၊ တတိယမြောက်ခရီးစဉ်ကိုလည်း အဆိုပြုထားပြီး မိမိတို့မှ ပြင်ဆင်ထားရမည့်အချက်များရှိကြောင်း၊ ပထမအချက်အနေဖြင့် Survey Department မှ မြန်မာနိုင်ငံ၏ Geo Technic Network နှင့်ပတ်သက် သော အချက်အလက်များဖြစ်ပြီး ထိုအချက်များအတွက် Survey Department သို့ စာပို့၍ အသိပေးထားပါကြောင်း၊ ယခုလက်ရှိနောက်ဆုံးသတင်းအရ ပြည်ထောင်စုဝန်ကြီးမှ သဘောတူထားကြောင်း၊ နောက်တစ်ချက်အနေဖြင့် Pre-Cadaster Working Group ဖွဲ့စည်းရမည်ဖြစ်ပြီး နောက်ဆုံးရရှိသည့်အခြေအနေအရ ဘူမိဗေဒနှင့် စာရင်းအင်းဆိုင်ရာဌာန (DGSE) မှ ဦးဆောင်၍ ဖွဲ့စည်းနေသည်ကို သိရှိရကြောင်း၊ ထို့ကြောင့် Consultant ၏ တတိယမြောက်ခရီးစဉ်သည် ဇူလိုင်လတွင် ဖြစ်နိုင်ဖွယ်ရှိပြီး စစ်ကိုင်းတိုင်း၊ ချင်း နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့တို့အား အဆိုပြုထားကြောင်း ဆွေး နွေးခဲ့ပါသည်။

ကိုယ်စားလှယ်တစ်ဦးမှ Pre-Cadaster Working Group Consultant ၏ TOR အခြေအနေအား မေးမြန်းရာ ပြီးခဲ့သည့် နည်းပညာနှင့်အစီရင်ခံစာ အစည်းအဝေးတွင် ကိုယ်စားလှယ်များထံသို့ ဖြန့်ဝေပြီး သတ္တုတွင်းဦးစီးဌာနမှလည်း မှတ်ချက်များပေးထားကြောင်း၊ Workplan တွင်လည်းထည့်သွင်းထားပါကြောင်း ပြန်လည်ဆွေးနွေးခဲ့ပါသည်။

ကိုယ်စားလှယ်တစ်ဦးမှ အစီရင်ခံစာလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ခဲ့သည့် ကုမ္ပဏီများအား အသိအမှတ်ပြုလက်မှတ်ပေးခြင်းအစီအစဉ်ကို မည်သည့်အစီအစဉ်ဖြင့် ပေးမည်လည်း ဆိုသည်ကို မေးမြန်းရာ report launch တွင် ပေးမည်ဟု ယခုအချိန်ထိ စီစဉ်ထားကြောင်းပြောဆိုရာ ကိုယ်စားလှယ်တစ်ဦးမှ အသိအမှတ်ပြုလက်မှတ်ပေးခြင်း အစီအစဉ်ကို သီးသန့်ပြုလုပ်ရန်နှင့် report launch အတွက် အဓိကပေးချင်သည့် သတင်းအချက်အလက်များ ရောထွေးမည်ကို စိုးရိမ်ကြောင်း ထောက်ပြခဲ့ပါသည်။

## ၁၁။ Report Launching Agenda အား ဆွေးနွေးတင်ပြခြင်း (စီမံကိန်းမန်နေဂျာ၊ ညှိနှိုင်းရေးရုံး)

Report Launch Agenda တွင် အစီရင်ခံစာလုပ်ငန်းစဉ်များ၌ ပူးပေါင်းပါဝင်ခဲ့သည့် ကုမ္ပဏီများအား အသိ အမှတ်ပြုလက်မှတ်ပေးခြင်းအစီအစဉ်ကို မနက် ၁၀:၂၀ တွင် ပြုလုပ်ရန်ပါရှိကြောင်း စီမံကိန်းမန်နေဂျာမှ တင်ပြခဲ့ရာ အရပ်ဖက်ကိုယ်စားလှယ် တစ်ဦးမှ ပြီးခဲ့သည့် ပြန်ကြားဆက်သွယ်ရေး နှင့် ပြင်ပဆက်ဆံရေးလုပ်ငန်းခွဲကော်မတီအစည်းအဝေးတွင် Report Launch Agenda အား ဆွေးနွေး ခဲ့ကြသော်လည်း ဆုံးဖြတ်ချက်ချခဲ့ခြင်းမရှိခဲ့ကြောင်း၊ အစည်းအဝေးမှတ်တမ်းအား ပြန်ကြည့်သင့် ကြောင်းနှင့် agenda အား ပြန်လည်ပြင်ဆင်ရန် အကြံပြုခဲ့ပါသည်။

စီမံကိန်းအကြံပေးမှလည်း ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းမရှိပါက ဤအစည်းအဝေးတွင် ပြန်လည်ဆွေးနွေး ပေးစေလိုကြောင်း အကြံပြုဆွေးနွေးခဲ့ပါသည်။

ထို့နောက် စီမံကိန်းမန်နေဂျာမှ report launch အား ဇွန်လ နောက်ဆုံးပတ်ဝန်းကျင်တွင် ခန့်မှန်းထားပြီး အစီအစဉ်အားဖြင့် ပမာဏဦးစွာ သုံးပွင့်ဆိုင် ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌများ မှ အဖွင့်အမှာစကားပြောခြင်း၊ ညှိနှိုင်းရေးမှူးမှ အမှာစကားပြောခြင်း၊ Development partner တစ်ဦးမှ အမှာစကားပြောခြင်း၊ သုံးပွင့်ဆိုင်အဖွဲ့မှ အစီရင်ခံစာနှင့်ပတ်သက်၍ တင်ပြဆွေးနွေးခြင်း စသဖြင့် အစီအစဉ်အား လျာထား ပါကြောင်း၊ ယနေ့အစည်းအဝေးတွင် ဆွေးနွေးပေးစေလိုကြောင်း တင်ပြခဲ့ပါသည်။

ဒုတိယအကြိမ်နှင့် တတိယအကြိမ်အစီရင်ခံစာများတွင် ပါဝင်ခဲ့သည့် ကုမ္ပဏီများအား အသိအမှတ်ပြုလက်မှတ်ထုတ်ပေးသည့်အစီအစဉ်ကို မထည့်ရန် အရပ်ဖက်ကိုယ်စားလှယ်တစ်ဦးမှ ထပ်မံထောက်ပြခဲ့ပါသည်။ အရပ်ဖက်ကိုယ်စားလှယ်တစ်ဦးမှလည်း audience နှင့် ပတ်သက်၍ မည်သူများကို ဦးတည်ထားသလဲဟု မေးမြန်းရာ EITI နှင့် သက်ဆိုင်သည့် ဌာနဆိုင်ရာများ၊ ကုမ္ပဏီများ၊ အရပ်ဖက်အဖွဲ့အစည်းများ ကိုဦးတည်ထားကြောင်း၊ နေပြည်တော်တွင်ကျင်းပမည်ဆိုပါက အစိုးရဝန်ကြီးဌာနများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် သတင်းဌာနများကိုပိုမိုဦးတည်ထားပြီး ရန်ကုန်တွင် ကျင်းပမည်ဆိုပါက ကုမ္ပဏီများ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ ပြည်သူလူထုနှင့် မီဒီယာများကို ပိုမိုဦးတည်ထားကြောင်း ဖြေကြားခဲ့ပြီး၊ နေရာရွေးချယ်ခြင်းကို ကိုယ်စားလှယ်များ မှ စဉ်းစား ပေးစေချင်ကြောင်းပြောကြားခဲ့ပါသည်။

အရပ်ဖက်ကိုယ်စားလှယ်တစ်ဦးမှလည်း အများပြည်သူကို ဦးတည်ထားသည့် အစီအစဉ်ဖြင့် ပြုလုပ်ရန် လိုအပ်ကြောင်း၊ အများပြည်သူသို့ ဦးတည်ပြုလုပ်မည်ဆိုလျှင် ရန်ကုန်တွင် ပြုလုပ်မည့်ဆိုပါက ပိုကောင်းကြောင်း၊ စီမံကိန်းအကြံပေးအရာမှလည်း report Launch အစီအစဉ် အသေးစိတ်ကို သက်ဆိုင်ရာ လုပ်ငန်းခွဲကော်မတီတွင် ထပ်မံဆွေးနွေးရန်အကြံပြုခဲ့ရာ သုံးပွင့်ဆိုင်ကိုယ်စားလှယ်များ မှ သဘောတူခဲ့ပါသည်။

ထို့နောက်အရပ်ဖက်ကိုယ်စားလှယ်တစ်ဦးမှ report Launch agenda အား လုပ်ငန်းခွဲကော်မတီတွင် မဆွေးနွေးမီ ညှိနှိုင်းရေးရုံးမှ concept note များ သေချာပြင်ဆင်၍ ဆွေးနွေးရလွယ်ကူစေရန် ကိုယ် စားလှယ်များထံ ကြိုတင်ပြင်ဆင်၍ ဖြန့်ဝေသင့်ကြောင်း အကြံပြုခဲ့ပါသည်။

အစီရင်ခံစာများ မိတ်ဆက်ထုတ်ပြန်မည့် အခမ်းအနား(report Launching) နေရာသတ်မှတ်ရာတွင် ရန်ကုန်၊ နေပြည်တော် နှင့် ရှမ်းပြည်နယ်တို့တွင် ပြုလုပ်ရန် သုံးပွင့်ဆိုင်အဖွဲ့မှ သဘောတူခဲ့ပါသည်။ ရှမ်းပြည်နယ်တွင် ပြုလုပ်မည့် အခမ်းအနားအတွက် မြို့အတိအကျအား နောက်ပိုင်းအစည်းအဝေးများ တွင် ထပ်မံဆွေးနွေးမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

Report launch အစီအစဉ်အား လုပ်ငန်းခွဲကော်မတီအစည်းအဝေးတွင် ဆွေးနွေးမည်ဟု စီစဉ်ထားပါက **ညှိနှိုင်းရေးရုံး အနေဖြင့် Report launch အစီအစဉ် အခြေခံသဘောတရားများ၊ Concept note များ၊ မည်သည့်ရလဒ် outcome အား ရရှိချင်သည်ကို ပေါ်လွင်သည့် outline များ ကြိုတင်ပြင်ဆင်၍ ကော်မတီဝင်များထံ ပေးပို့ထားသင့်ကြောင်း** အရပ်ဖက်ကိုယ်စားလှယ်တစ်ဦးမှ အကြံပြု ဆွေးနွေးခဲ့ပါသည်။

## ၁၂။ MEITI ညှိနှိုင်းရေးရုံးငှားရမ်းမှု အခြေအနေများအား တင်ပြဆွေးနွေးခြင်း (ညှိနှိုင်းရေးမှူး၊ ညှိနှိုင်းရေးရုံး)

မိမိတို့အနေဖြင့် ညှိနှိုင်းရေးရုံး ကိစ္စအား လုပ်ငန်းအစီအစဉ်နှင့် စီမံအုပ်ချုပ်မှု လုပ်ငန်းခွဲ ကော်မတီတွင် တင်ပြခဲ့ပြီးဖြစ်ကြောင်း၊ ညှိနှိုင်းရေးရုံးအား တစ်ကြိမ်စာချုပ်ပါက (၆) လတာ စာချုပ်ပါကြောင်း၊ ယခု ငှားထားသည့် အောင်ဆန်းအားကစားကွင်းရှိ ရုံးခန်းသည် မီးပြတ်ပါက အစည်းအဝေးများကျင်းပသည့် အခါ လျှပ်စစ်မီးကိစ္စ အခက်အခဲများ တွေ့ရကြောင်း၊ နေရာများ ပြောင်းရွှေ့၍ အစည်းအဝေးများ ပြုလုပ်ရသည့်အတွက် အဆင်မပြေကြောင်း၊ ထို့ကြောင့် ရန်ကုန်မြို့တော်ဝန်အား MEITI ညှိနှိုင်းရေးရုံးအတွက် တိုက်ခန်းနေရာ လျှောက်ထားခဲ့ရာ **စကွဲယားပေ (၁၀,၄၄၆) ရှိသည့်အခန်းတစ်ခန်းအား ရရှိခဲ့ပါကြောင်း၊ တစ်ပေပတ်လည်အတွက် တစ်လလျှင် ၁၇၅ ကျပ်၊ တစ်ခန်းလုံးစာအတွက် တစ်လလျှင် ၁,၈၂၇,၇၀၀ ကျပ် ကျသင့်မည်ဖြစ်ကြောင်း၊** လက်ရှိအခန်းနှင့် ဈေးနှုန်းခြင်းတူသော်လည်း အကျယ်အဝန်းအားဖြင့် (၁၀) ခန့်ပိုမိုကျယ်ဝန်းပြီး အစည်းအဝေးများ ပြုလုပ်မည်ဆိုပါက သီးသန့်အခန်းငှားစရာ မလိုအပ်တော့သည့်အတွက် ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကိုယ်စားလှယ်များမှ အတည် ပြုပေးစေလိုကြောင်း ညှိနှိုင်းရေးမှူးမှ တင်ပြခဲ့ပါသည်။

တစ်လလျှင် (၁၈) သိန်းခန့်ဖြင့် (၁၂) လစာ စာချုပ်ချုပ်ရမည်ဖြစ်ကြောင်း၊ ထိုနေရာသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (YCDC) ပိုင်ဆိုင်သည့် အခန်းဖြစ်ကြောင်း၊ မိုးကောင်းအိမ်ရာ စီမံကိန်းတွင် တည်ရှိကြောင်း၊ ရုံးခန်းပြင်ဆင်စရိတ်များပါ ထည့်တွက်ရမည်ဖြစ်ပြီး ဘက်ဂျက်ဌာန (MOBD) နှင့် ကမ္ဘာ့ဘဏ်တို့နှင့် ဆွေးနွေးရာတွင် ညှိနှိုင်းရေးရုံး၏ Office setup cost အောက်တွင် အသုံးပြုခွင့်ရှိကြောင်းလည်း သိရကြောင်း၊ ထို့ကြောင့် သုံးပွင့်ဆိုင်အဖွဲ့အား နောင်ငှားရမ်းမည့် ညှိနှိုင်းရေးရုံးသစ်အား (၁) နှစ်စာငှားရန် နှင့် ဘက်ဂျက်အသုံးပြုခွင့်အတွက် အတည်ပြုပေးနိုင်ရန် တင်ပြရခြင်းဖြစ်ကြောင်း စီမံကိန်းအကြံပေးအရာရှိ မှ တင်ပြခဲ့ပါသည်။

ကျောက်ကုန်း၊ အောင်ဇေယျလမ်း၊ မိုးကောင်းအိမ်ယာတွင် တည်ရှိသောကြောင့် နေရာအားဖြင့် အဆင်ပြေကြောင်း၊ သို့သော် အစိုးရနှင့်ချိတ်ဆက်လုပ်ရသောကြောင့် ထိုနေရာအတွက် နောင်တစ်ချိန်တွင် အပြောင်းအလဲများ ကြုံတွေ့မည်ကို စိုးရကြောင်း၊ ထို့အပြင် ရုံးခန်းပြင်ဆင်စရိတ်သည် ငှားသည့် စရိတ်နီးပါးကုန်ကျနိုင်ကြောင်း၊ ပြင်ဆင်စရိတ်နှင့်တန်ကြေးမျှတအောင် အနည်းစရိတ် (၃) နှစ်ခန့် ငှားခွင့်ရပါက အဆင်ပြေမည်ဖြစ်ကြောင်း၊ ထို့အပြင် ကမ္ဘာ့ဘဏ်နှင့်ဆောင်ရွက်နေသည့် ဘက်ဂျက်အတွက် ဘက်ဂျက်ဆိုင်ရာသဘောထား (Budget Mortality) အား ပြောင်းလဲရန်လိုအပ်မည်ဖြစ်ကြောင်း၊ အခုအသစ်တက်လာသည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးအနေဖြင့် ဘက်ဂျက်ကိစ္စအား ဆွေးနွေးမည်ဆိုပါက နားလည်လွယ်မည်ဟု ထင်မြင်မိကြောင်း၊ ယခုအနေအထားသည် ညှိနှိုင်းရေးရုံးအနေဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ စီမံမှုအောက်တွင် ရောက်ရှိနေပြီး အမှန်တကယ်ဆိုပါက ညှိနှိုင်းရေးရုံးအနေဖြင့် သီးခြားလွတ်လပ်သောအဖွဲ့အနေဖြင့် ရပ်တည်ရမည်ဖြစ်ပြီး ကမ္ဘာ့ဘဏ်နှင့် တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့သော်လည်း ညှိနှိုင်းရေးရုံး၏ သဘောထားအရ လက်ရှိအခြေအတိုင်းအဆင်ပြေပါက ဆန္ဒရှိသလို ဆောင်ရွက်နိုင်ကြောင်း၊ လက်ရှိအချိန်တွင် ဘက်ဂျက်အားဖြင့်လည်း ၃ သန်းဝန်းကျင်ကျန်ရှိနေသေးသည့်အတွက် လုပ်ငန်းဆောင်ရွက်ရတွင် အချိန်မြန်ဆန်စွာ စီမံခန့်ခွဲနိုင်ရန် ရေရှည်အတွက် ထည့်သွင်းစဉ်းစားနိုင်ရန် အကြံပြုဆွေးနွေးခြင်းဖြစ်ကြောင်း အရပ်ဖက်ကိုယ်စားလှယ်တစ်ဦးမှ ထောက်ပြအကြံပြုခဲ့ပါသည်။

အရပ်ဖက်ကိုယ်စားလှယ်တစ်ဦး၏ ဆွေးနွေးခဲ့သည့် MEITI တစ်ခုလုံးနှင့် သက်ဆိုင်နေပြီး ထိုအချက်အား လက်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအသစ်အား တင်ပြမည်ဖြစ်ကြောင်း၊ ထို့အပြင် ရုံးခန်းအသစ်အား ငှားပြီးပါက ပြင်ဆင်စရိတ်များ၊ ပရိဘောဂများအတွက် အသေးသုံးစရိတ်များ ပိုမိုကုန်ကျလာမည်ဖြစ်ပြီး ထိုစရိတ်များနှင့် မျှတအောင် ကာလရှည်ငှားရန်လည်း ရည်ရွယ်ထားပါကြောင်း စီမံကိန်းအကြံပေးအရာရှိမှ ဆွေးနွေးခဲ့ပါသည်။

**ရုံးခန်းသစ်အတွက် မြို့တော်ဝန်အား တင်ပြရာတွင် အစိုးရအဖွဲ့မှ ကော်မတီအစည်းအဝေးများပြုလုပ်၍ ဆုံးဖြတ်ပြီးမှ ဈေးနှုန်းသတ်မှတ်ထားခြင်းဖြစ်ကြောင်း၊ မိမိတို့ ညှိနှိုင်းရေးရုံးအနေဖြင့် မည်သည့်ဈေးဖြင့် ငှားရန် အဆိုပြုတင်ပြထားခြင်းမရှိကြောင်း၊ သတ်မှတ်ထားသည့် ဈေးနှုန်းအတိုင်း ငှားရမ်းမည်ဖြစ်ကြောင်း တင်ပြခဲ့ကြောင်း** စသဖြင့် ညှိနှိုင်းရေးမှူးမှ ထပ်မံတင်ပြခဲ့ပါသည်။

မိမိတို့အနေဖြင့် ရုံးခန်းငှားရမ်းခ၊ ပြင်ဆင်စရိတ်များ၊ အသေးသုံးများအား သုံးစွဲရန်ရှိသဖြင့် မူရင်းဘက်ဂျက်ပမာဏ မပြောင်းလဲဘဲ သီးခြားဘက်ဂျက်လိုင်းများထည့်ရန် သုံးပွင့်ဆိုင်အဖွဲ့မှ သဘောတူပေးစေလိုကြောင်း၊ ထို့အပြင် ဘက်ဂျက်ကာလအရ မိမိတို့အနေဖြင့် အောက်တိုဘာ (၁) ရက်နေ့မှ စတင်၍ ရုံးခန်းအသုံးစရိတ်များ သုံးစွဲခွင့်ရမည်ဖြစ်ကြောင်း၊ ဘက်ဂျက်အားဖြင့် လျာထားခြင်းသာဖြစ်ကြောင်း စီမံကိန်းအကြံပေးအရာရှိမှ ဆွေးနွေးခဲ့ပါသည်။

အချို့အလှူရှင်များအနေဖြင့် ဘက်ဂျက်သုံးစွဲမှုအတွက် အရေးပေါ်သုံးစွဲရန် ၅% သို့မဟုတ် ရာခိုင်နှုန်းတစ်ခုသတ်မှတ်၍ ဘက်ဂျက်လိုင်းအလိုက် အလျော့အတင်း ပြုလုပ်စီမံခွင့်ရှိကြောင်း၊ ယခုကမ္ဘာ့ဘဏ်

နှင့် ဆောင်ရွက်ရာတွင်လည်း စည်းမျဉ်းများလည်း ရှိမည်ဟုထင်မြင်ကြောင်း၊ ယခုအတိုင်းဆိုပါက ညှိနှိုင်းရေးရုံးအနေဖြင့် အောက်တိုဘာရောက်မှသာ သုံးခွင့်ရှိမည်ဖြစ်ပြီး လက်ရှိအခြေအနေအတိုင်း ခရီးဆက်ရမည်ဖြစ်ကြောင်း၊ ဘက်ဂျက်လိုင်းအားဖြင့် အသေးစိတ်ခန့်မှန်းမှုများအား အလုံးစုံ ဘက်ဂျက်ထဲတွင် ပါဝင်နိုင်အောင် ညှိနှိုင်းရေးရုံးအနေဖြင့် ယခုပြုလုပ်နေသည့် ဘက်ဂျက်ပြင်ဆင်ခြင်းလုပ်ငန်းစဉ်တွင် တပါတည်းပါဝင်သွားနိုင်အောင် ကြိုးစားသင့်ကြောင်း အရပ်ဖက်ကိုယ်စားလှယ်တစ်ဦးမှ အကြံပြုခဲ့ပါသည်။

ထို့နောက် MEITI ရုံး ဘက်ဂျက်ဌာနခွဲ (MOBD) တာဝန်ရှိသူတစ်ဦးမှ ညှိနှိုင်းရေးရုံးအနေဖြင့် ရုံးခန်းငှားခအတွက် ၂၀၁၇ ဧပြီလ မှ ၂၀၁၇ စက်တင်ဘာလကုန်အထိ တစ်ဖြတ်သုံးစွဲခွင့်ရှိကြောင်း၊ ထို့နောက် အောက်တိုဘာလ မှစတင်ကာ တစ်နှစ်စာသုံးစွဲခွင့်ရှိကြောင်း၊ ရုံးခန်းပြင်ဆင်စရိတ်များအတွက် ယခင်က ၁၂၀၀၀ ဒေါ်လာ သုံးစွဲခဲ့ပြီး ဒေါ်လာ ၆၅၀၀ ဝန်းကျင်သုံးစွဲရန် ဘက်ဂျက်ကျန်ရှိနေသေးကြောင်း၊ သို့သော် ရုံခန်းအသစ်အတွက် ပြင်ဆင်စရာများအတွက် သုံးစွဲမည်ဆိုပါက ပြန်လည်ပြင်ဆင်ရမည်ဖြစ်ကြောင်း၊ အဓိကဘက်ဂျက်ကဏ္ဍာသုံးခုဖြစ်သည့် နံပါတ် (၁) Non-consulting cost နံပါတ်(၂) MOBD အသုံးစရိတ် နှင့် နံပါတ် (၃) ညှိနှိုင်းရေးရုံး အသုံးစရိတ်တို့ဖြစ်ပါကြောင်း၊ ပြင်ဆင်ရန်အသေးစိတ်များအတွက် လုပ်ငန်းခွဲကော်မတီတွင် အသေးစိတ်ဆွေးနွေးသင့်ကြောင်း၊ ပြင်ဆင်ပြီးပါက ကမ္ဘာ့ဘဏ်သို့တင်ပြ၍ NOL (no objection Letter) တောင်းခံရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဘဏ်မှ NOL ရရှိမှသာ အတည်ပြုနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

အရပ်ဖက်ကိုယ်စားလှယ်တစ်ဦးမှလည်း ညှိနှိုင်းရေးရုံး အနေဖြင့် သတ်မှတ်ထားသည့် ဘက်ဂျက် ဘောင်အတွင်းမှ သတ်သတ်မှတ်မှတ်ဖြင့် ဘက်ဂျက်လိုင်းခွဲများ ထပ်မံပေါ်ပေါက်လာပါက ပြင်ဆင်၍ အသုံးပြုမည်ဆိုပါက ကမ္ဘာ့ဘဏ်၏ ခွင့်ပြုချက်လို၊ မလိုဆိုသည့် မေးမြန်းထားမှုအား MOBD မှ တာဝန် ရှိသူတစ်ဦးမှ ညှိနှိုင်းရေးရုံးနှင့် စာချုပ်ချုပ်စဉ်ကတည်းက ဘက်ဂျက်လိုင်းအသေးစိတ်အလိုက် စာချုပ် ထားသည့် အတွက် ပြင်ဆင်မည်ဆိုပါက ကမ္ဘာ့ဘဏ်၏ ခွင့်ပြုချက်များ၊ အတည်ပြုမှုများ လိုအပ်မည် ဖြစ်ကြောင်း ရှင်းလင်းခဲ့ပါသည်။ ထို့အပြင် grant agreement အား ပြန်လည်ပြင်ဆင်နိုင် ရန် ကမ္ဘာ့ဘဏ်နှင့် ဆောင်ရွက်ရန် ပြင်ဆင်ထားကြောင်း ထည့်သွင်းဆွေးနွေးခဲ့ပါသည်။

**အသေးစိတ်ဘက်ဂျက်လိုင်းသုံးစွဲမှုများမှ အစ ကမ္ဘာ့ဘဏ်၏ ခွင့်ပြုချက်များ တောင်းခံနေရပါက ညှိနှိုင်းရေးရုံးအတွက် လုပ်ငန်းဆောင်ရွက်မှုများပြုလုပ်ရာတွင် ကြန့်ကြာမှုများစွာ ကြုံတွေ့ရနိုင်ကြောင်း၊ ဝန်ထမ်းများ၏ စိတ်ဓါတ်ပိုင်းဆိုင်ရာ နှင့် အလုပ်အဝင်အထွက်များမှုများရှိလာနိုင်ကြောင်း ၊** ထို့အပြင် MEITI လုပ်ငန်းစဉ်များအတွက် နှောင့်နှေးကြန့်ကြာမှုများကြုံတွေ့ရဖွယ်ရှိသောကြောင့် အသစ်တက်လာမည့် ပြည်ထောင်စုဝန်ကြီးနှင့် တွေ့ဆုံ၍ သေချာဆွေးနွေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ အရပ်ဖက်ကိုယ်စားလှယ်တစ်ဦးမှ ထောက်ပြဆွေးနွေးခဲ့ပါသည်။

အထက်ပါကိုယ်စားလှယ်ထောက်ပြဆွေးနွေးခဲ့သော ကိစ္စအား ဦးဆောင်ကော်မတီအစည်းအဝေး တွင် ထည့်သွင်းဆွေးနွေးနိုင်ရန် တင်ပြမည်ဖြစ်ကြောင်း စီမံကိန်းအကြံပေးအရာမှ ဖြည့်စွက်ဆွေးနွေးခဲ့ပါသည်။

အရေးကြီးသည်မှာ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုများ ထည့်သွင်းစဉ်းစားရန်လိုအပ်ပြီး ဘက်ဂျက်ဆိုင်ရာ စည်းကမ်းများနှင့်ပတ်သက်ပြီး ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေး ရန်ပုံငွေအဖွဲ့များ၏ စည်းကမ်းသတ်မှတ်ချက်များအားလည်း နားလည်ရန်လည်း လိုအပ်ကြောင်း ကိုယ်စားလှယ်မှ ဖြည့်စွက်ဆွေးနွေးခဲ့ပါသည်။

## ၁၃။ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ ကနဦး လုပ်ငန်းစဉ် စီမံချက် (Beneficial Ownership Pilot Project) အခြေအနေအား တင်ပြခြင်း

မိမိတို့အနေဖြင့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ ကနဦးစီမံကိန်းဆောင်ရွက်မှုအခြေအနေအားဖြင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ခဲ့ပြီး အသိအမြင်ဖွင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ် မေလ (၁၄) ရက်နေ့တွင်လည်း Adam Smith International (ASI) မှ ကနဦးအလုပ်ရုံဆွေးနွေးပွဲကျင်းပ၍ ဆန္ဒအလျောက်ပါဝင်မည့် ကုမ္ပဏီများစာရင်းရရှိအတည် ပြုခဲ့ကြောင်း၊ ထို့နောက် ASI မှ ကုမ္ပဏီများအား ဖြည့်စွက်ရမည့် အချက်အလက်ထုတ်ပြန်မှုပုံစံ (reporting templates) များပို့၍ နောက်ဆုံးရက်သတ်မှတ်ကာ ပြန်လည်ပေးပို့စေရန် ဆောင်ရွက်နေ ကြောင်း၊ သတ္တုလုပ်ငန်းကုမ္ပဏီ (၉) ခု၊ ကျောက်မျက်ကျောက်စိမ်းကုမ္ပဏီ (၅) ခု၊ ရေနံနှင့် သဘာဝဓါတ်ငွေ့ကုမ္ပဏီ (၃) ခု ပါဝင်ကြောင်း၊ ရေနံနှင့် သဘာဝဓါတ်ငွေ့ကုမ္ပဏီတစ်ခုဖြစ်သည့် Posco Daewoo မှ ၎င်းတို့ အနေဖြင့် BO ကနဦးလုပ်ငန်းစဉ်တွင် မပါဝင်နိုင်တော့ကြောင်း တရားဝင်စာဖြင့် အကြောင်းကြားထားပါကြောင်း၊ သစ်တောကုမ္ပဏီ (၂) ခုပါဝင်ကြောင်း၊ လက်ရှိအချိန်တွင် အချက်အ လက်ထုတ်ပြန်သည့်ပုံစံ (reporting templates) များအား သတ္တုလုပ်ငန်းကုမ္ပဏီ (၅) ခု၊ ကျောက်မျက်ကျောက်စိမ်း ကုမ္ပဏီ (၄) ခု၊ ရေနံနှင့်သဘာဝဓါတ်ငွေ့ကုမ္ပဏီ (၂) ခုတို့မှ ဖြည့်သွင်း ၍ ပြန်လည်ပေးပို့ထားကြောင်း၊ သစ်တောကုမ္ပဏီများအတွက် သီးသန့် reporting template အား ASI မှ ပြင်ဆင်၍ ပေးပို့မည်ဖြစ်ကြောင်း စသဖြင့် BO ကနဦးစီမံကိန်း၏ အခြေအနေအား တင်ပြခဲ့ပါသည်။

ထို့အပြင် BO Taskforce (အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့) မူကြမ်းအား ပြီးခဲ့သည့် နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီအစည်းအဝေးတွင် ဆွေးနွေးခဲ့ကြောင်း၊ ထိုအဖွဲ့ဖွဲ့စည်းမှု သည်လည်း မကြာမီပြီးစီးမည်ဟု မျှော်လင့်ထားကြောင်း၊ BO Workplan သည်လည်းရေးဆွဲရမည်ဖြစ် ပြီး BO Taskforce ဖွဲ့စည်းပြီးမှသာ ရေးဆွဲရမည်ဖြစ်ကြောင်း၊ ကျင်းပပြီးစီးခဲ့သည့် လုပ်ငန်းအစီအစဉ် နှင့် စီမံအုပ်ချုပ်မှုလုပ်ငန်းခွဲကော်မတီတွင်လည်း ဆွေးနွေးထားပြီးဖြစ်ပါကြောင်း၊ BO Workplan တွင် အဆင့် (၂) ဆင့် ပါဝင်ပြီး ပထမအဆင့်တွင် ယခုမှစ၍ ၂၀၂၀ ထိ ကာလဖြစ်ပြီး ဒုတိယအဆင့်

အနေဖြင့် ၂၀၂၀ နောက်ပိုင်းအတွက် အစီအစဉ်များဖြစ်ကြောင်း၊ ၂၀၂၀ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့မှစတင်ကာ MEITI အစီရင်ခံစာများတွင် BO အချက်အလက်များ စတင်ထည့်သွင်းဖော်ပြလာမည်ဖြစ်ကြောင်း၊ ထိုအဆင့်များအတွက် နိုင်ငံတကာညှိနှိုင်းရေးရုံးနှင့် ချိတ် ဆက်၍ အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ EITI စံနှုန်း ၂၀၁၆ အရ အစီရင်ခံစာတွင် ပါဝင်သည့် ကုမ္ပဏီအားလုံးအနေဖြင့် ၂၀၂၀ ခုနှစ်တွင် မဖြစ်မနေ BO အချက်အလက်များကို ထုတ်ပြန်ရမည်ဖြစ် ကြောင်း၊ ယခု ၂၀၂၀ ခုနှစ် မတိုင်ခင်ကာလအတွက် ဆန္ဒအလျောက်ပါဝင်လာသည့် ကုမ္ပဏီများအတွက် လုပ်ငန်းစဉ်များ စီစဉ်ထားပြီး ၂၀၂၀ နောက်ပိုင်းတွင် ကုမ္ပဏီအားလုံး ပါဝင်လာရန် ဆောင်ရွက်ရန် အစီအစဉ်များ ချမှတ်ထားပါကြောင်း၊ ပထမအဆင့် လုပ်ငန်းစဉ်များတွင် BO အချက်အလက်များအား မည်သည့်ဝန်ကြီးဌာနမှ ဦးဆောင်ကာ ကောက်ယူမည်ဆိုသည်ကို စဉ်းစားရမည် ဖြစ်ကြောင်း၊ ထို့နောက် BO Taskforce မှ လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ ထို့နောက် BO အချက်အလက်များအား မည်သည့် website များတွင် ဖော်ပြမည်ကို ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ ယခုလောလောဆည်တွင် BO ကနဦးကုမ္ပဏီများ၏ အချက်အလက်များအား MEITI website တွင် ကဏ္ဍခွဲတစ်ခုဖြင့် ဖော်ပြရန် ရည်ရွယ်ထားပါကြောင်း၊ ထို့အပြင် ထိုကုမ္ပဏီများမှ နောက်ကွယ်မှ ပိုင်ဆိုင်သူအား သရုပ်ဖော်ပုံများဖြင့် ပြသထားရန် ရည်ရွယ်ထားပါကြောင်း၊ ၂၀၂၀ နောက်ပိုင်းလုပ်ငန်းစဉ်များတွင် BO လုပ်ငန်းစဉ်အား အစိုးရ၏ လမ်းကြောင်းတွင် မည်ကဲ့သို့ ထည့်သွင်းမည်ကို ဆောင်ရွက်ရန်ရည်ရွယ်ထားကြောင်း၊ BO အချက်အလက်များအား မည်သည့်အတိုင်းအတာအထိ ကောက်မည်ကိုလည်း သတ်မှတ်ရမည်ဖြစ်ကြောင်း၊ ထို့အပြင် သတင်းအချက်အလက်ထိန်းသိမ်းသည့်အဖွဲ့အစည်းတစ်ခုသတ်မှတ်ပြီး ထိန်းသိမ်းသည့် လုပ်ငန်းစဉ်လည်းပါဝင်ပါကြောင်း၊ ၂၀၂၀ နောက်ပိုင်းတွင် နိုင်ငံရပ်ခြားတင်ပို့နေသည့် အစီရင်ခံစာတွင်ပါဝင်သည့်ကုမ္ပဏီများအားလုံးပါဝင်ရန် လုပ်ငန်းစဉ်လည်းပါဝင်ပါကြောင်း၊ သို့မှသာ ၂၀၁၆ စံနှုန်းနှင့် ကိုက်ညီမည်ဖြစ်ကြောင်း၊ ထို့အပြင် ASI အနေဖြင့် စာချုပ်သက်တမ်းအားဖြင့် ယခုလက်ရှိ ဇွန်လကုန်တွင် ကာလ ကုန်ဆုံးမည်ဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် အစီရင်ခံစာထုတ်ပြီးပါက ကန်ထရိုက်ကာလ အဆုံးသတ်ရမည်ဖြစ်ကြောင်း၊ ASI မှ ကန်ထရိုက်ကာလအား ဇူလိုင်လကုန်အထိ တိုးမြင့်သတ်မှတ်ရန် အဆိုပြုထားပါကြောင်း၊ ကန်ထရိုက်ကာလတိုးမြင့်ထားသော်လည်း ပိုက်ဆံထပ်ပေးရန် မလိုအပ်ကြောင်း တင်ပြခဲ့ပါသည်။

ထို့နောက်ကိုယ်စားလှယ်တစ်ဦးမှ BO Taskforce ဖွဲ့၍ လုပ်ငန်းစဉ်များဆောင်ရွက်တော့မည် ဖြစ်သဖြင့် နောက်တစ်ချိန်တွင် ကုမ္ပဏီဥပဒေတစ်ရပ်ထုတ်၍ ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ ဆိုသည်ကို ကိုယ်စား လှယ်တစ်ဦးမှ မေးမြန်းအကြံပြုထားပါသည်။ ထိုကိစ္စနှင့်ပတ်သက်၍ ကုမ္ပဏီများ လုပ်ထုံးလုပ်နည်းများတွင် ထည့်သွင်းရန်အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) သို့လည်း ညှိနှိုင်းရေးရုံး မှ စာပို့ထားပါကြောင်း စီမံကိန်းမန်နေဂျာမှ ဖြေကြားခဲ့ပါသည်။

DICA သို့ ညှိနှိုင်းရေးရုံးမှ ပေးပို့ထားသော စာအား သုံးပွင့်ဆိုင်အဖွဲ့သို့ ဖြန့်ဝေရန် ကိုယ်စားလှယ်တစ်ဦး မှ ဆွေးနွေးခဲ့ပါသည်။

BO Tasforce နှင့် ပတ်သက်၍ ဖွဲ့စည်းပုံအား လုပ်ငန်းကော်မတီအစည်းအဝေးတွင် အတည်ပြုချက်ရရှိခဲ့ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန နှင့် သက်ဆိုင်ရာဌာနများလည်း ဖြန့်ဝေထားပြီး Taskforce တွင် ပါဝင်မည့်သူများအား အမည်စာရင်းမဖော်ပြဘဲ ရာထူးသတ်မှတ်ချက်ဖြင့် ဖော်ပြ၍ အားလုံးအတည်ပြုပြီးပါက တရားဝင်စာထွက်ရှိလာမည်ဖြစ်ကြောင်း၊ MEITI လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်ပတ်သက်၍လည်း ညွှန်ကြားစာများလည်း ထွက်ရှိမည်ဖြစ်ကြောင်း စီမံကိန်း မန်နေဂျာမှ ဖြည့်စွက်ဆွေးနွေးခဲ့ပါသည်။

**အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု ကနဦးလုပ်ငန်းစဉ် (Beneficial Ownership Pilot Project) ဆန္ဒအလျောက်ပါဝင်သည့် ကုမ္ပဏီများ၏ အခြေအနေနှင့် ပတ်သက်၍ သုံးပွင့်ဆိုင်ကိုယ်စားလှယ်များ အောက်ပါအတိုင်း အပြန်အလှန်ဆွေးနွေးမေးမြန်းထားပါသည်။**

**အရပ်ဖက်ကိုယ်စားလှယ် ။** ။ မြန်မာနိုင်ငံတွင် ရေနံနှင့်သဘာဝဓါတ်ငွေ့ကုမ္ပဏီအနည်းငယ်သာ ရှိကြောင်း၊ ထိုအထဲတွင် Total ကုမ္ပဏီသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ Total ကုမ္ပဏီ အနေဖြင့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့တွင် ကိုယ်စားပြုပါဝင်ထားပါကြောင်း၊ သို့သော် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု ကနဦးလုပ်ငန်းစဉ် တွင် ပါဝင်ခြင်း မရှိသည်ကို တွေ့ရကြောင်း၊ ပြီးခဲ့သည့် (၁၃) ကြိမ်မြောက် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့အစည်းအဝေးတွင်လည်း ၎င်းတို့ Total ကုမ္ပဏီ အနေဖြင့် ကနဦးစီမံကိန်းတွင် မပါဝင်နိုင်ကြောင်း တရားဝင်စာပို့ထားပြီး ဖြစ်ကြောင်း၊ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့မှ ၎င်း Total ကုမ္ပဏီ ပါဝင်လာရန်အတွက် ထပ်မံ ဆွေးနွေးခဲ့ရာတွင် ပြန်လည်အကြောင်းပြန်မည်ဟု ပြောကြားခဲ့ကြောင်း စသဖြင့် အရပ်ဖက် ကိုယ်စားလှယ်တစ်ဦးမှ ဆွေးနွေးခဲ့ပါသည်။

**ပုဂ္ဂလိက ကိုယ်စားလှယ်။** ။ မိမိတို့ Total ကုမ္ပဏီ မှ တရားဝင် အကြောင်း ကြားစာ သည် ကနဦးစီမံကိန်းတွင် ပါဝင်နိုင်မှု ရှိ၊ မရှိ နောက်ဆုံး အခြေအနေဖြစ်ကြောင်း ဆွေးနွေးခဲ့ ပါသည်။

အရပ်ဖက်ကိုယ်စားလှယ်။ ။ မိမိတို့အနေဖြင့် Total ကုမ္ပဏီ အား ကနဦးစီမံကိန်းတွင် ပါဝင်စေချင်ကြောင်း၊ Total ကုမ္ပဏီ သည် မြန်မာနိုင်ငံတွင် ဂုဏ်သိက္ခာအားဖြင့် ရှေ့ဆောင်အနေဖြင့် ဆောင်ရွက်နေသည့်ကုမ္ပဏီဖြစ်နေခြင်း၊ သုံးပွင့်ဆိုင်အဖွဲ့တွင်လည်း ကိုယ်စားပြုပါဝင်နေသည့်အတွက် ကိုယ်စားလှယ်မှတဆင့် Total ကုမ္ပဏီ အား ကနဦးစီမံကိန်းတွင် ပါဝင်လာစေရန် ထပ်မံကြိုးစားပေးစေလိုကြောင်း ပြန်လည်ဆွေးနွေးခဲ့ပါသည်။

ထို့နောက်အရပ်ဖက်ကိုယ်စားလှယ်တစ်ဦးမှ Total ကုမ္ပဏီ ၏ ကနဦးစီမံကိန်းတွင် မပါဝင် နိုင်သည့်ကိစ္စအား တရားဝင်ဖြစ်စေရန်အလို့ငှာ Total ကုမ္ပဏီ မှ အကြောင်းပြန်ထားသည့် တရားဝင်စာအား သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့သို့ ဖြန့်ဝေပေးရန် တောင်းဆိုခဲ့ပါသည်။

အရပ်ဖက်ကိုယ်စားလှယ်။ ။ သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့တွင် ကိုယ်စားပြုပါဝင်သည့် ကုမ္ပဏီကြီးများမှစတင်၍ ကနဦးစီမံကိန်းတွင် မပါဝင်ပါက အခြားအပြင်ကုမ္ပဏီများအား ကနဦးစီမံကိန်းနှင့် နောက်ထပ် BO လုပ်ငန်းစဉ်များတွင် ပါဝင်လာရန် စည်းရုံးရာတွင် အခက်အခဲများ ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ BO လုပ်ငန်းစဉ်နှင့် ရင်းနှီးပြီးသား သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့တွင် ကိုယ်စား ပြုကုမ္ပဏီကြီးများ ပါဝင်ထားမှသာ နောက်ထပ်ကုမ္ပဏီငယ်များအား စည်းရုံးရန် လွယ်ကူမည်ဟုထင်မြင်မိကြောင်း အရပ်ဖက်ကိုယ်စားလှယ်တစ်ဦးမှ ဆွေးနွေးခဲ့ပါသည်။

အခုလက်ရှိအခြေအနေတွင် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ ကနဦး စီမံကိန်းတွင် ပုဂ္ဂလိက ကိုယ်စားပြုထားသည့် ကုမ္ပဏီများ တစ်ခုမှ မပါဝင်ကြောင်း၊ ထို့ကြောင့် နောက်ထပ်ကုမ္ပဏီများ ပါဝင်လာရန် စည်းရုံးရာတွင် အခြားကုမ္ပဏီများအနေဖြင့် ကိုယ်စားပြု Company များ မပါဝင်သည့်အတွက် ၎င်းတို့အနေဖြင့် မပါဝင်ပါကလည်း ပြဿနာတစ်စုံတစ်ရာမရှိနိုင်ပါဟု ထင်မြင်ယူဆသွားနိုင်ကြောင်း ကိုယ်စားလှယ်တစ်ဦးမှလည်း ထောက်ပြ ဆွေးနွေးခဲ့ပါသည်။

ထို့နောက် ပုဂ္ဂလိက ကိုယ်စားလှယ်များမှ ဦးဆောင်ကာ ၎င်းတို့၏ သက်ဆိုင်ရာကုမ္ပဏီများအား ဝိုင်းဝန်းစည်းရုံးပေးပါက ကုမ္ပဏီများအနေဖြင့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ ကနဦး စီမံကိန်း နှင့် လုပ်ငန်းစဉ်များတွင် ပိုမိုပါဝင်လာနိုင်သည့်အတွက် ပုဂ္ဂလိက ကိုယ်စားလှယ်များ ဝိုင်းဝန်းကြိုးစားပေးပါရန် စီမံကိန်းအကြံပေးအရာရှိမှ မေတ္တာရပ်ခံခဲ့ပါသည်။

သုံးပွင့်ဆိုင်ကိုယ်စားလှယ်အဖွဲ့မှ ပုဂ္ဂလိက ကိုယ်စားလှယ်များအား ၎င်း တို့၏ ကိုယ်စားပြုကုမ္ပဏီများအား အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ ကနဦး စီမံကိန်းတွင် ပါဝင်လာရန် ဝိုင်းဝန်းကြိုးစားပေးရန် တိုက်တွန်းဆွေးနွေးခဲ့ပါသည်။

BO pilot project သည် နောက်ထပ်ထွက်ရှိလာမည့် MEITI အစီရင်ခံစာတွင် ပါဝင်လာမည်ဟု ထင်မြင်ကြောင်း၊ EITI international မှ ဖြန့်ဝေထားသည့် စာအား သုံးပွင့်ဆိုင်အဖွဲ့ အား ဖြန့်ဝေထားပြီး ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများအားလည်း ပေးပို့ထားပြီးဖြစ်ကြောင်း၊ EITI international မှ ရှေ့လာမည့် ၂၀၁၉ တွင်ကျင်းပမည့် BO နှင့် ပတ်သက်သည့် conference တွင်လည်း မြန်မာနိုင်ငံအား highlight ပြုလုပ်၍ အဓိကထားပြသချင်ကြောင်းလည်း ပြောကြားထားပါကြောင်း စီမံကိန်းအကြံပေးအရာရှိမှ ဆွေးနွေးခဲ့ပါသည်။

**ပုဂ္ဂ** လိက ကိုယ်စားလှယ်**။** ။ မိမိတို့ Total အနေဖြင့် တရားဝင်စာ ပို့ထားပြီးဖြစ်ကြောင်း၊ မြန်မာပြည်တွင် MEITI အစီရင်ခံစာတွင် ပါဝင်သည့်ကုမ္ပဏီအနေဖြင့် ယခုလောလောဆည်လုပ်စရာမရှိသေးဟု ထင်မြင်ကြောင်း၊ နိုင်ငံတကာတွင်လည်း ပါဝင်ဆောင်ရွက်ပြီးစီးပြီးဖြစ်ကြောင်း၊ အနာဂတ်တွင်လည်း BO နှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာရမည်ဆိုပါက Listed company အနေဖြင့် ဘာမှ ထွေထွေထူး ထူးရှိလိမ့်မည်ဟု

ထင်မြင်မိကြောင်း၊ ဒါပေမဲ့ မြန်မာကုမ္ပဏီအနေဖြင့် ဥပဒေတစ်ခုခုထွက်လာပါက ထုတ်ပြန်ကြေညာပေးရမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။
နိုင်ငံတကာ EITI Board တွင် Total အနေဖြင့် ပါဝင်သော်လည်း မြန်မာနိုင်ငံတွင် BO ကနဦးစီမံကိန်းတွင် မပါဝင်ခြင်း သည် မသင့်လျော်ကြောင်း ကိုယ်စားလှယ်များ မှ ထောက်ပြဆွေးနွေးခဲ့ရာ ပုဂ္ဂလိက ကိုယ်စားလှယ်မှ ကုမ္ပဏီ နှင့် ပြန်လည် ဆွေးနွေး ပြီးပါက ပြန်လည်ဖြေကြားပေးမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။
ထို့အပြင် ကိုယ်စားလှယ်များမှ BO Taskforce တွင် ကိုယ်စားပြုပါဝင်သည့် ပုဂ္ဂလိက ကိုယ်စားလှယ်များ၏ ကုမ္ပဏီများသည်လည်း ကနဦးစီမံကိန်းတွင်ပါဝင်မှသာ သင့်လျော် မည်ဖြစ်သည့်အတွက် နယ်ပယ်အတွင်း ဝင်သည့်ကုမ္ပဏီများ ပါဝင်စေချင်ကြောင်း ဆွေးနွေး ခဲ့ပါသည်။

ထို့နောက် စီမံကိန်းမန်နေဂျာမှ ဇွန်လ (၁၄) ရက်နှင့် (၁၅) ရက်နေ့များတွင် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အတွက် ရည်ရွယ်သည့် ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍဆိုင်ရာ သင်တန်းအတွက် NORAD မှ အဆိုပြုထားသည့် အကြောင်းအရာ (၄) ခု ရွေးချယ်ရန် အတွက် ဆွေးနွေးခဲ့ပါသည်။
အရပ်ဖက်ကိုယ်စားလှယ်တစ်ဦးမှလည်း MATA မှ အဆိုပြုထားသည့် Subsidiaries များနှင့် ပတ်သက်၍ သုတေသနပြုလုပ်ခွင့်ပြုရန် ကိစ္စအား မေးမြန်းရာ အစိုးရကိုယ်စားလှယ်တစ်ဦးမှ မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်းသို့ ပြည်ထောင်စုဝန်ကြီးဆီမှ မေလ (၂၉) ရက်နေ့ရက်စွဲပါဖြင့် ညွှန်ကြားစာ ထွက်ရှိလာပြီး ထိုကိစ္စနှင့် ပတ်သက်၍ သဘောထားမှတ်ချက်ပေးရန် ရောက်ရှိလာပြီးဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။
ထို့နောက် အစိုးရကိုယ်စားလှယ်တစ်ဦးမှ သတ္တုတွင်းဦးစီးဌာနမှ ပေးပို့ထားသည့် MEITI အစီရင်ခံစာတွင် မပါဝင်လိုက်သည့် အချက်အလက်များအား MEITI Website တွင် တင်ရန်အတွက် အခြေအနေမှ မေးမြန်းထားရာ သတ္တုတွင်းဦးစီးဌာနမှ ပေးပို့ထားသော website တွင် တင်ရန်အချက်အလက်များအား မိမိတို့ ညှိနှိုင်းရေးရုံးမှ လက်ခံရရှိပြီးဖြစ်ကြောင်း၊ သို့သော်လည်း MEITI website အား အသစ်ပြန်လည်တည်ဆောက်နေသည့်ကာလဖြစ်သည့်အတွက် ဇွန်လလယ်ခန့်တွင် တင်ပေးမည်ဖြစ်ကြောင်း စီမံကိန်းအကြံပေးမှ ဖြေကြားခဲ့ပါသည်။

**ထို့နောက် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ ကနဦးစီမံကိန်းအခြေအနေအား အောက်ပါအတိုင်း ကိုယ်စားလှယ်များမှ ဆွေးနွေးခဲ့ကြပါသည်။**
ပုဂ္ဂလိက ကိုယ်စားလှယ်များ။ ။BO ကနဦးစီမံကိန်းတွင် သုံးပွင့်ဆိုင်ညွှန့်ပေါင်း အဖွဲ့ကိုယ်စားပြုကုမ္ပဏီများပါဝင်သင့်ကြောင်း ဆွေးနွေး ထားမှုအား ပုဂ္ဂလိက ကိုယ်စားလှယ်တစ်ဦးမှ မိမိတို့အနေဖြင့် Volunteer ဆိုသည့်အဓိပ္ပါယ်တွင် ဆန္ဒ အလျောက်ပါဝင်ရမည်ဟု ဆိုသည့်အတွက် မဖြစ်မနေပါဝင်ရန် လိုအပ်သည်ဟု မထင်မြင်မိကြောင်း၊ စေတနာ အလျောက်ဖိတ်

ခေါ်သည့်ပုံစံမျိုးသာဖြစ်ကြောင်း၊ ၂၀၂၀ ရောက်ပါက မည်သူမျှ ရှောင်လွှဲလို့ မရနိုင်သည့်အတွက် လုံးဝပါဝင်လာမည်ဟု ထင်မြင်မိကြောင်း၊ ထိုအချိန်လောက်တွင် အားလုံးလည်း အဆင်သင့် ဖြစ်လောက်မည်ဟု ထင်မြင်ကြောင်း၊ မဖြစ်မနေပါဝင်ရမည်ဟု အဓိပ္ပါယ်ဖြင့် ဆုံးဖြတ်ချက် ချမှတ်ရန် မသင့်လျော်ကြောင်း ဆွေးနွေးခဲ့ပါသည်။

အရပ်ဖက်ကိုယ်စားလှယ်တစ်ဦး။ ။ မိမိတို့ဆိုလိုသည်မှာ Volunteer သည် စေတနာအလျောက် ပါဝင်သည်ဟု ဆိုသော်လည်း သုံးပွင့်ဆိုင်အဖွဲ့ဝင်များမှ စံပြအနေဖြင့် ပါဝင်လာပါက ဦးဆောင်နေသည့် သူများမှ ပါဝင်လာသည်အတွက် အခြားသော ကုမ္ပဏီများအား စည်းရုံးရာတွင် ယုတ္တိကျသည့်အခြေ အနေဖြစ်မည်ဖြစ်ကြောင်း၊ ယခုကတည်းကပါဝင်ထားပါကလည်း ၂၀၂၀ အတွက် ကြိုတင်ပြင်ဆင်ပြီး သားဖြစ်မည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် မိမိကိုယ်တိုင်မပါဝင်ဘဲ အခြားကုမ္ပဏီများအား စည်းရုံးနေ မည့်အစား မိမိကိုယ်တိုင်ပါဝင်၍ အခြားကုမ္ပဏီများအား ပိုမိုပါဝင်လာရန် စည်းရုံးခြင်းသည် ပိုမိုထိရောက်နိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် BO လုပ်ငန်းစဉ်အတွက် အရပ်ဖက်အဖွဲ့အစည်းများမှ တစ် ဖက်သတ်ဦးဆောင်တိုက်တွန်းနေခြင်းမဟုတ်ဘဲ ပုဂ္ဂလိက ကဏ္ဍများကပါ ဦးဆောင်ပါ ဝင်နေကြသည့် သဘောဖြစ်လာစေရန်အတွက် မိမိတို့အနေဖြင့် မေတ္တာရပ်ခံခြင်းဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

## ၁၄။ MEITI သစ်တောကဏ္ဍအစီရင်ခံစာနှင့်ပတ်သက်သော နောက်ဆုံးရအခြေအနေများအား တင်ပြခြင်း (နည်းပညာကျွမ်းကျင်သူ၊ ညှိနှိုင်းရေးရုံး)

သစ်တောအစီရင်ကဏ္ဍနှင့်ပတ်သက်သောအစီရင်ခံစာအား template training အား ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆) ရက်နေ့တွင် ကျင်းပခဲ့ပါကြောင်း၊ နယ်ပယ်လေ့လာသတ်မှတ်ခြင်း အစီရင်ခံစာ ကို ၂၀၁၈ ခုနှစ် မတ်လတွင် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သို့ တင်ပြခဲ့ပြီး အတည်ပြုမှုရယူခဲ့ပြီးဖြစ်ကြောင်း၊ မတ်လ (၂၀) ရက်နေ့တွင် သစ်တောကုမ္ပဏီများမှ ဖြည့်သွင်းထားသည့် အချက်အလက်ထုတ်ပြန်သည့်မူဘောင် (templates) များကို ပေးပို့ခဲ့ကြောင်း၊ မတ်လ (၂၈) ရက်နေ့ တွင် Hard copy များ ပေးပို့ခဲ့ကြောင်း၊ အစိုးရဌာနများဖြစ်သည့် မြန်မာ့သစ်လုပ်ငန်း၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန နှင့် သစ်တောဦးစီးဌာန တို့မှ စာရင်းများကို စာရင်းစစ်ချုပ်ရုံးသို့ ပေးပို့ခဲ့ကြောင်း၊ စာရင်းစစ်ချုပ်ရုံးမှ စစ်ဆေးပြီး စာရင်းများကို soft copy အား လွတ်လပ်သောစာရင်းတိုက်ဆိုင်စစ်ဆေးသူ (IA) ထံသို့ ပေးပို့ခဲ့ကြောင်း၊ ထို့နောက် IA မှ မတ်လ(၂၆) ရက်နေ့မှ ဧပြီ (၆) ရက်နေ့အထိ သက်ဆိုင်ရာ ကုမ္ပဏီများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ စာရင်းကွာဟချက်များအား ထပ်မံတိုက်ဆိုင်စစ်ဆေးခဲ့ပါ သည်။ စစ်ဆေးပြီးနောက် ၂၀၁၄-၁၅ နှင့် ၂၀၁၅-၁၆ သစ်တောကဏ္ဍအစီရင်ခံစာမူကြမ်းများအား ညှိနှိုင်းရေးရုံးသို့ ဧပြီလ (၃၀)ရက်နေ့တွင် တင်ပြခဲ့ပါကြောင်း၊ ထိုနောက် သုံးပွင့်ဆိုင်ညွှန့်ပေါင်း အဖွဲ့၊ ကမ္ဘာ့ဘဏ်နှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများသို့ ပေးပို့၍ သဘောထားမှတ်ချက်များ တောင်း ခံခဲ့ပါကြောင်း၊ အစီရင်ခံစာများတွင် အကြံပြုချက် (၁၅) ချက်ပါဝင်ခဲ့ပြီး

သစ်တောကဏ္ဍအခွန်ဘဏ္ဍာ ငွေနှင့် ပတ်သက်၍ အကြံပြုချက် (၃) ခု၊ သစ်တောစီမံအုပ်ချုပ်မှုနှင့် ပတ်သတ်သော အကြံပြုချက် (၃) ခု၊ EITI အကောင်အထည်ဖော်မှုနှင့်ပတ်သက်သော အကြံပြုချက် (၉) ချက် ပါဝင်ခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ် မေလ (၁၈) ရက်နေ့တွင် ပြုလုပ်သော နည်းပညာနှင့် အစီရင်ခံစာ လုပ်ငန်းခွဲကော်မတီအစည်းအဝေးတွင် သစ်တောကဏ္ဍအစီရင်ခံစာမူကြမ်းများအား ဆွေးနွေးခဲ့ပါကြောင်း၊ ထိုအစည်းအဝေးတွင် သုံးပွင့်ဆိုင်ကိုယ်စားလှယ်၊ သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောဖက်စက်ကုမ္ပဏီများ၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ IA forestry မှတာဝန်ရှိသူ တို့ တက်ရောက်ဆွေးနွေးခဲ့ပါကြောင်း၊ ထိုအစည်းအဝေးတွင် ဆုံးဖြတ်ချက် (၂၁) ချက်ချမှတ်ခဲ့ပါကြောင်း၊ ဆုံးဖြတ်ချက်များထဲတွင် သဘောထားမှတ်ချက်များ၊ လိုအပ်သော စာရင်းဇယားများအား အစိုးရဌာနများမှ ညှိနှိုင်းရေးရုံးသို့ မေလ (၂၅) ရက်နေ့တွင် ပေးပို့ရန်၊ ညှိနှိုင်းရေးရုံးမှ အင်္ဂလိပ်ဘာသာပြန်ရန် IA ထံသို့ ပေးပို့ရမည့် စာရွက်စာတမ်းများပါဝင်ကြောင်း၊ အချို့အချက်အလက်များစုံပါက IA အနေဖြင့် ဇွန်လ တတိယအပတ်တွင် သစ်တောကဏ္ဍအစီရင်ခံစာမူကြမ်းများအား တင်ပြမည်ဖြစ်ကြောင်း၊ ညှိနှိုင်းရေးရုံးသို့ မူကြမ်းများရရှိပါက သုံးပွင့်ဆိုင်အဖွဲ့နှင့် သက်ဆိုင်ရာဌာနများအား တင်ပြမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် အစီရင်ခံစာမူကြမ်းများအား နည်းပညာနှင့် အစီရင်ခံစာလုပ်ငန်းခွဲကော်မတီတွင် ဆွေးနွေးရန် အကြံပြုလိုပြီး ထိုဆွေးနွေးပြီးသား အစီရင်ခံစာများအား IA ထံသို့ တင်ပြမည်ဖြစ်ကြောင်း၊ ထို့နောက် IA မှ သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့သို့ သစ်တောကဏ္ဍအစီရင်ခံစာ နောက်ဆုံးအစီရင်ခံစာများအား တင်ပြမည်ဖြစ်ကြောင်း၊ ရှေ့လာမည် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့အစည်းအဝေးတွင် အတည်ပြုရန် စီစဉ်ထားပါကြောင်း စသဖြင့် တင်ပြခဲ့ပါသည်။

**အရပ်ဖက်ကိုယ်စားလှယ်တစ်ဦးမှ တင်ဒါလုပ်ငန်းစဉ်၊ သစ်လက်ကျန်စာရင်းနှင့် ကျွန်းသစ်များရောင်းချရာတွင် သစ်မျိုးတူသော်လည်း ဈေးနှုန်းမတူညီမှုများရှိနေခြင်းကို ဖော်ပြရှင်းလင်းရန် မေးမြန်းရာတွင် မြန်မာ့သစ်လုပ်ငန်းမှ တာဝန်ရှိသူမှ ကျွန်းသစ်တွင် သစ်အတန်းအစားကောင်းမွန်သော premier အဆင့် (G9) ရှိ အတန်းအစား (၅) မျိုးခန့်ရှိကြောင်း၊ ထို့နောက် သစ်ခွဲသားအတန်းအစားတွင် (၈) မျိုးခန့်ရှိကြောင်း၊ ဥပမာအားဖြင့် ပင်စည်တစ်ခုတွင် အရင်းပိုင်းနှင့် ကိုင်းဖျားကိုင်းနား ဟူ၍ ရှိကြောင်း၊ ထိုကိုင်းဖျားကိုင်းနားများသည် ဒေါ်လာ (၈၀၀) ဝန်းကျင်ခန့်ဈေးနှုန်းရှိပြီး အရင်းပိုင်းအရည်အသွေးကောင်းသော သစ်များအား ဒေါ်လာ (၆၀၀၀) ဝန်းကျင် ရှိကြောင်း၊ နှစ်အလိုက် ဈေးနှုန်းများလည်း ကွာခြားချက်ရှိကြောင်း၊ ပေါက်ရောက်ရာ ဒေသမတူပါကလည်း တန်ဖိုးများ ကွဲလွဲပါကြောင်း၊ ယခင်က တန်ဖိုးဖြတ်ကော်မတီများနှင့် ဆောင်ရွက်ခဲ့သော်လည်း ယခုနောက်ပိုင်း ၂၀၁၄-၁၅ ခုနှစ် နောက်ပိုင်းတွင် open tender စနစ်ဖြင့် ဆောင်ရွက်ပါကြောင်း၊ ဝယ်သူပေးသောဈေးနှုန်းအတိုင်း ဆောင်ရွက်ကြခြင်းဖြစ်ပြီး၊ အချို့ဆိုလျှင် ပဲခူးရိုးမမှ သစ်များအား ဈေးကောင်းပေး၍ ဝယ်ယူကြကြောင်း၊ ထိုကြောင့် ဈေးကွာဟခြင်းများရှိနေကြောင်း၊ ယခင်ကသစ်အလုံးလိုက်ရောင်းစဉ်ကာလတွင် ဈေးနှုန်းအနိမ့်အမြင့် အလွန်ကွာဟမှုရှိကြောင်း စသဖြင့် ဖြေကြားခဲ့ပါသည်။**

မြန်မာသစ်လုပ်ငန်းနှင့် သစ်တောဦးစီးဌာနတို့၏ စာရင်းများကွာဟချက်မြင့်မားနေမှုအား အရပ်ဖက်ကိုယ်စားလှယ်တစ်ဦးမှ မေးမြန်းရာတွင် နည်းပညာနှင့်အစီရင်ခံစာတွင် ဆွေးနွေးချက်များအရ မြန်မာ့သစ်လုပ်ငန်းသည် နှစ်အတွင်းထုတ်လုပ်မှုတန်အားဖော်ပြထားခြင်းဖြစ်ပြီး သစ်တောဦးစီးဌာနသည် ယခုလက်ရှိအစီရင်ခံစာထုတ်ပြန်သည့်နှစ်များအတွင်း မြန်မာ့သစ်လုပ်ငန်းမှ အခွန်ဆောင်သည့် သစ်တန်ပမာဏအား ဖော်ပြထားခြင်းဖြစ်ကြောင်း၊ မြန်မာ့သစ်လုပ်ငန်းသည် ထုတ်လုပ်သည့် တန်ကို ဖော်ပြထားပြီး သစ်တောဦးစီးဌာနသည် အခွန်ဘဏ္ဍာအား ဖော်ပြထားခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် သဘာဝချင်း မတူညီသည့်အတွက် နှိုင်းယှဉ်မှုမပြုလုပ်တော့ကြောင်း၊ ပြန်လည် ဖြေကြားခဲ့ပါသည်။

ထို့နောက် အရပ်ဖက်ကိုယ်စားလှယ်တစ်ဦးမှ မြန်မာ့သစ်လုပ်ငန်းမှ သစ်ထုတ်မည်ဆိုပါက သစ်တောဦးစီးဌာနမှ တံဆိပ်ရိုက်ပေးသည့် သစ်များကို ထုတ်ရပြီး စာရင်းသွင်းသည့်အခါ ဌာနနှစ်ခုလုံးမှ ပူးပေါင်း ဆောင်ရွက်ရသောကြောင့် သစ်လုံးစာရင်းများသည် ဌာန(၂) ခုလုံးတွင် ရှိနိုင်ပြီး အခွန်ဆောင် သောအခါတွင် မည်သည့်ကာလတွင် အခွန်ဆောင်လိုသည်ကို ဆွေးနွေးမေးမြန်းချက်အား မြန်မာသစ်လုပ်ငန်းတာဝန်ရှိသူမှ ပြန်လည်ဖြေကြားရာတွင် သစ်ထုတ်ရန် သစ်စာရင်းများကို သစ် တောဦးစီးဌာနမှ သတ်မှတ်ပေးကြောင်း၊ မြန်မာ့သစ်လုပ်ငန်းမှ လည်း သစ်ထုတ်မည့် စာရင်းအား သစ်တောဦးစီးဌာန ရုံးချုပ်သို့ပေးပို့ရပြီး ဌာန(၂) ခုစလုံး၏ စာရင်းများကို ရုံးချုပ်တွင် ပြန်လည်စစ်ဆေးပြီးမှ သာ အခွန်ဆောင်မည့်စာရင်းရရှိကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။ သစ်ရောင်းရသည့် စာရင်းတွင် မူမတည်ဘဲ အခွန်ဆောင်ခြင်းသည် သစ်ထုတ်သည့်စာရင်းတွင် မူတည်ကြောင်း ရှင်းလင်းခဲ့ပါသည်။

ထို့နောက် ကိုယ်စားလှယ်များမှ ဌာန(၂) ခုစလုံးမှ မူရင်းငယ်စာရင်းများပေးရန် တောင်းဆိုခဲ့ပါသည်။

အရပ်ဖက်ကိုယ်စားလှယ်တစ်ဦးမှလည်း သစ်လက်ကျန်စာရင်းနှင့် ပတ်သက်၍ လက်ရှိနှစ်တွင် သစ်ထုတ်၍ ကျန်ရှိသော သစ်လက်ကျန်စာရင်းများ မပါရှိကြောင်း၊ ထို့ကြောင့် ထိုဌာန (၂) ခုစလုံးမှ လက်ကျန်စာရင်းများ ပေးပို့ရန် တောင်းဆိုခဲ့ပြီး ကိုယ်စားလှယ်အားလုံးမှလည်း သဘောတူဆုံးဖြတ်ခဲ့ပါသည်။

ပုဂ္ဂလိကကိုယ်စားလှယ်တစ်ဦးမှလည်း မူရင်းစာရင်းများဖြစ်သည့် သက်ဆိုင်ရာနယ်အလိုက်ထွက်ရှိလာသည့် စာရင်းများ၊ နှစ်အလိုက်စာရင်းများ နှိုင်းယှဉ်ကြည့်ပါက ကွာဟချက်များ တိုက်ဆိုင်မှုပြုလုပ်ပါက ရှင်းလင်းနိုင်မည်ဖြစ်ကြောင်း၊ သို့မှသာ အားလုံးစိတ်ကျေနပ်မည့်အခြေအနေရရှိမည်ဖြစ်ကြောင်း ထောက်ပြဆွေးနွေးခဲ့ပြီး ကိုယ်စားလှယ်အားလုံးမှ မူရင်းငယ်စာရင်းများ တောင်းခံရန် သဘောတူခဲ့ပါသည်။

ထို့နောက် မြန်မာ့သစ်လုပ်ငန်းတာဝန်ရှိသူမှ တန်ဖိုးသတ်မှတ်သည့်ကော်မတီ (pricing committee) သည် ကြမ်းခင်းဈေးသာ သတ်မှတ်ပြီး Higher bidder များအတွက်သာ ရည်ရွယ်ဆောင်ရွက်ကြောင်း၊

### ၁၅။ MEITI နှစ်စဉ်တိုးတက်မှုအစီရင်ခံစာ(၂၀၁၇-၁၈) မူကြမ်းအား ဆွေးနွေးတင်ပြခြင်း (Junior Technical Coordinator ၊ ညှိနှိုင်းရေးရုံး)

အစိုးရ၊ အရပ်ဖက်နှင့် ပုဂ္ဂလိကကဏ္ဍမှ လုပ်ငန်းစဉ်အတိုင်းဆောင်ရွက်ထားမှုအခြေအနေများအား တောင်းခံထားရာတွင် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(MGJEA) တစ်ခုသာ ပေးပို့ထားပါကြောင်း၊ အားသာချက်၊ အားနည်းချက်များလည်း အကြမ်းပြင်ဆင်ရေးသွင်းထားပါကြောင်း၊ ယခုအစီရင်ခံစာများတွင် အခြားသတ္တုနှင့် ပုလဲကဏ္ဍများပါဝင်လာပြီး တွင်းထွက်ကဏ္ဍဆိုင်ရာ အချက်အလက်များပိုမိုရရှိလာကြောင်း ၊ သုံးပွင့်ဆိုင်အဖွဲ့အနေဖြင့်လည်း အစည်းအဝေးများအား ပိုမိုထိရောက်ကောင်းမွန်စွာ ကျင်းပပြုလုပ် နိုင်ခဲ့ကြောင်း အားသာချက်များတွင် ထည့်သွင်းထားပါကြောင်းစသဖြင့် နှစ်စဉ်တိုးတက်မှုအစီရင်ခံစာအား ဆွေးနွေးခဲ့ပြီး သက်ဆိုင်ရာ ကဏ္ဍအလိုက် ပေးပို့ရမည့် ရက်စွဲသတ် မှတ်ချက်များကို ဆွေးနွေးတင်ပြခဲ့ပါသည်။

**အရပ်ဖက်ကိုယ်စားလှယ်တစ်ဦးမှ အားသာချက်တစ်ခုဖြစ်သည့် အစည်းအဝေးများ ပိုမိုထိရောက်အောင် ဆောင်ရွက်နိုင်ခဲ့သည်ဟု ဖော်ပြထားခြင်းအား အစည်းအဝေးများ နည်းလမ်းတကျ ကျင်းပနိုင်ခဲ့သည်ဟုသာ ဖော်ပြရန် ထောက်ပြခဲ့ပြီး အားနည်းချက်အနေဖြင့် ပြည်သူလူထုအနေဖြင့် MEITI အား သိရှိမှုအားနည်းရုံသာမက သက်ဆိုင်ရာ အစိုးရဌာနများကပါ MEITI နှင့် ပတ်သက်၍ ရှင်းလင်းစွာ နားလည်မထားကြောင်း၊ နိုင်ငံရေးအရ ဦးဆောင်သူနှင့် ဌာနများမှ မှန်ကန်သော ကိုယ်စားပြုသူနည်းပါး ကြောင်း ဖော်ပြရန် ထောက်ပြခဲ့ပါသည်။**

### ၁၆။ MEITI web portal ဆောင်ရွက်နေမှုအခြေအနေအား ဆွေးနွေးတင်ပြခြင်း (Web Designer )

MEITI web portal Designer ဖြစ်သူမှ MEITI ညှိနှိုင်းရေးရုံးမှ ပေးပို့ထားသော အချက်အလက်များ၊ MEITI မှ ထုတ်ပြန်ထားသော အစီရင်ခံစာပါ ကိန်းဂဏန်းအချက်အလက်များကို MEITI Web Portal တွင် ဒီဇိုင်းပြုလုပ်ထားပါကြောင်း၊ NRGI တွင် ဆောင်ရွက်ထားရှိသော Jade portal နှင့် အလားတူ graphic များကို အခြေခံကာ တူဆောက်ပြီး တွင်းထွက်ကဏ္ဍအချက်အလက်များကို MEITI website တွင် portal အနေဖြင့် တည်ဆောက်ထားပါကြောင်း စသဖြင့် ဆောင်ရွက်ထားရှိသော နမူနာ web portal links များဖြင့် ရှင်းလင်းတင်ပြခဲ့ပါသည်။

### ၁၇။ Jade Portal တည်ဆောက်ဆောင်ရွက်ထားမှုအခြေအနေအား ဆွေးနွေးတင်ပြခြင်း (Officer ၊ NRGI)

Jade Portal တည်ဆောက်နိုင်ရန်အတွက် NRGI အနေဖြင့် မြန်မာ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (MGE) နှင့် အဓိကချိတ်ဆက် ဆောင်ရွက်ခဲ့ပြီး အကြိမ်ကြိမ်ဆွေးနွေးမှုများပြုလုပ်ပြီးမှသာ တည်ဆောက်ထားခြင်း၊ အပိုင်း(၃)မျိုးဖြင့် ဖော်ပြထားပြီး ပထမပိုင်းအနေဖြင့် သာမန်ပြည်သူများနားလည်လွယ်သည့်ပုံစံဖြင့် ဖန်တီးထားကြောင်း၊

ဒုတိယအမျိုးအစားတစ်ခုအနေဖြင့် ဌာနဆိုင်ရာများ၊ အရပ်ဖက်အဖွဲ့များ၊ ပညာရှင်များအနေဖြင့် ကြည့်ရှု့ကိုးကားနိုင်သည့် အနေအထားဖြင့် ဖော်ပြထားပြီး နောက်ဆုံးအပိုင်းတွင် သုတေသနပြုလုပ်လိုသည့် သူများအတွက် ရည်ရွယ်သည့် အပိုင်းလည်းပါဝင်ကြောင်း၊ ဒေါင်းလုပ်ပြုလုပ်နိုင်သည့် ပုံစံအမျိုးမျိုးဖြင့် ထားရှိထားပါကြောင်း၊ သုံးပွင့်ဆိုင်အဖွဲ့ကိုယ်စားလှယ်များအနေဖြင့် ထောက်ပြဆွေးနွေးအကြံပြုနိုင်ပါစသဖြင့် တင်ပြဆွေးနွေးခဲ့ပါသည်။

## ၁၈။ နိဂုံးချုပ်အမှာစကားပြောကြားခြင်း (ဒုတိယဥက္ကဌ ၊ သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့)

ဝိုင်းဝန်းဆွေးနွေးပေးခဲ့ကြသော ကိုယ်စားလှယ်များအားလုံးအား ကျေးဇူးတင်ပါကြောင်း၊ မကြာမီအချိန်ကာလတွင် validation လုပ်ငန်းစဉ်စတင်တော့မည်ဖြစ်သည့်အားလုံး ဝိုင်းဝန်းပြင်ဆင်စေချင်ကြောင်း၊ ကိုယ်စားလှယ်များအနေအနေဖြင့် သဘောထားကွဲလွဲမှုများရှိပေမဲ့ ဦးတည်ချက်သည် တူညီကြကြောင်း၊ ရှေ့ဆက်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးလုပ်ငန်းခွဲကော်မတီများ (Sub-National Coordination Unit-SNU) လည်း ဆက်လက်ဖွဲ့စည်းရမည်ဖြစ်ကြောင်း၊ EITI ဥပဒေထွက်ရှိရန်လည်း ကြိုးစားကြရမည်ဖြစ်ပြီး ဥပဒေထွက်ရှိလာမှသာ ပိုမိုတရားဝင်စွာ ထိထိရောက်ရောက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကိုယ်စားလှယ်များအားလုံးဝိုင်းဝန်းကြိုးစားကြဖို့လိုကြောင်း နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ပါသည်။

(၁၃) တစ်ဆယ့်လေးကြိမ်မြောက် ဒုတိယအကြိမ် မြန်မာနိုင်ငံ သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက်များ (၁.၆.၂၀၁၈)

| စဉ် | ဆုံးဖြတ်ချက်များ | လုပ်ဆောင်မည့်အချိန် | တာဝန်ရှိသူ |
|---|---|---|---|
| ၁ | အကြံပြုသုံးသပ်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်မည့် Validation မတိုင်ခင် ကျင်းပမည့် Recommendation/ Workshop ကို ဇွန်လ (၉) ရက်နေ့ ရန်ကုန်တွင် ပြုလုပ်မည်။<br><br>တက်သင့်သူများစာရင်းကို သက်ဆိုင်ရာဌာနများမှ စာရင်းပြုစုပေးရန်။ | ဇွန်လ (၉) ရက်နေ့၊ ၂၀၁၈၊ ရန်ကုန် | MSG, NCS |

| | | | |
|---|---|---|---|
| ၂ | MSG အဖွဲ့ဝင်များအတွက် NORAD မှ ပေးမည့် Capacity Building Training ကို ၂၀၁၈ ခုနှစ် ဖွန်လ (၁၄)(၁၅) တွင် ပြုလုပ်မည်။<br><br>Agenda အား ကိုယ်စားလှယ်များမှ ရွေးချယ်ပေးမည်။<br><br>Hydro power နှင့် ဆက်စပ်သော ဌာနဆိုင်ရာတာဝန်ရှိသူများအား ဖိတ်ကြားရန်။စွမ်းအင် နှင့် လျှပ်စစ်ဝန်ကြီးဌာနသို့ အကြောင်းကြားစာပေးပို့ရန်။ | ဖွန် (၁၄-၁၅)၊ ၂၀၁၈ | NCS၊ MSG |
| ၃ | SOE/SEE တွင်းထွက်ကဏ္ဍအတွက် မှတ်ချက်များ အကောင်အထည်ဖော်ရမည့်အချက်များကို ဆွေးနွေးရန် အတွက် အလုပ်ရုံဆွေး နွေးပွဲ<br>ကို နေပြည်တော်တွင် ပြုလုပ်မည်။<br><br>ပထမအကြိမ် ဆွေးနွေးပွဲနှင့် ဖွန်လ (၂၁-၂၂ ရက်)<br><br>တက်သင့်သူများစာရင်းကို သက်ဆိုင်ရာဌာနများမှ စာရင်းပြုစုပေးရန်။ | ဖွန်လ ၂၁ နှင့် ၂၂ ရက် | MSG |
| ၄ | MEITI အစီရင်ခံစာများရေးရန် IA ငှားရာတွင် TOR အား အသေးစိတ်အား Technical and Reporting Sub Committee တွင် ဆွေးနွေးမည်။<br><br>IA ငှားရာတွင်  နှစ်နှစ်စာ ငှားမည်။ | ဖွန်လ (၈) ရက် | Subcommittee, NCS |
| ၅ | (MOGE မှ ဆွေးနွေးခဲ့သည့် မြန်မာနိုင်ငံ EITI နောက်ဆုံးအစီရင်ခံ စာတွင် ကွဲလွဲနေသော အချက်များဖြစ်သည့် (Flow chart ရှိ %) နှင့် ၂၀၁၄-၁၅ နှင့် ၂၀၁၅-၁၆ အစီရင်ခံစာတို့တွင် MOGE ၏ Cost of Production တွင် ကွဲလွဲနေသည့် အချက်များအား MEITI Website တွင် တင်ပေးရန်) ဆိုသည့်ကိစ္စအတွက် MOEE မှ ရှင်းလင်းချက် အသေးစိတ် စာဖြင့် ပေးပို့မည်။ | ဖွန်လ (၈) ရက် | MOEE,NCS, IA |
| ၆ | MOGE မှ Subsidiaries နှင့်ပတ်သက်သော စာရင်းများ(ပုဂ္ဂလိကအရောင်း) အသေးစိတ်ကို MEITI website တွင်တင်ရန်အတွက် ပေးမည်။ | ဖွန်လ (၈) ရက် | MOGE |

| | | | |
|---|---|---|---|
| ၇ | ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ ၂၀၁၃ ခုနှစ်တွင် နောက်ဆုံး Bidding round ခေါ်ဆိုရာတွင် လာရောက် လျှောက်ထားသည့် ကုမ္ပဏီများစာရင်းနှင့် လိုင်စင်ချထားပေးသည့် ကုမ္ပဏီစာရင်းအသေးစိတ်ပေးပို့ရန် ဆိုသည့်ကိစ္စအတွက် MOEE မှ ဇွန်လ ၁၅ ရက် နောက်ဆုံးထား ပေးပို့မည်။ | ဇွန်လ (၁၅) ရက် | MOEE |
| ၈ | Extractive SOE reform အတွက် consultant ငှား၍ research ပြုလုပ်ရန်အတွက် TOR ရေးရန်နှင့် အကြံပြုခြင်းများပြုလုပ်ရန်အတွက် Technical & Reporting sub-committee တွင် အသေးစိတ်ဆွေးနွေးအတည်ပြုခွင့်ပြုသည်။ | ဇွန်လ (၈) ရက် | Subcommittee နှင့် NCS |
| ၉ | ၂၀၁၆-၁၇ နှင့် ၂၀၁၇-၁၈ MEITI အစီရင်ခံစာများတွင် Hydro sector အပါအဝင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတစ်ခုလုံးလွှမ်းခြုံပါဝင်သည့် Downstream sector revenue အား ထည့်သွင်းပါဝင်ရန် MSG မှ သဘောတူသည်။ | | MSG |
| ၁၀ | Report Launch ကို နေပြည်တော်၊ ရန်ကုန် နှင့် ရှမ်းတို့တွင် ကျင်းပမည်။<br><br>နေပြည်တော် ၌ ပြုလုပ်မည့် Report Launch တွင် ဌာနဆိုင်ရာများအား အဓိကထားဖိတ်ကြားမည်။<br><br>ရန်ကုန် ၌ ပြုလုပ်မည့် Report Launch တွင် public အား ဦးစားပေးသော အစီအစဉ်ဖြင့် ပြုလုပ်မည်။<br><br>Report Launch agenda နှင့် အသေးစိတ်အစီအစဉ်များအား Communication and Outreach Subcommittee Meeting တွင် ဆွေးနွေးမည်။<br><br>Report Launch outline and concepts များကို NCS မှ ကြိုတင်ပြုစု၍ ကော်မတီဝင်များထံသို့ ပေးပို့ရန် | | NCS, Subcommittee |
| ၁၁ | BO consultant ASI မှ စာချုပ်ကာလကို တိုးမြှင့်ရန်။ DICA ထံသို့ NCS မှ တင်ထားသည့် Companies regulation တွင် BO ကဏ္ဍပါဝင်ရန် ပေးပို့ထားသည့် စာအား သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့သို့ ဖြန့်ဝေပေးရန်။ | | NCS |

| | | | |
|---|---|---|---|
| | MPRL မှ NCS သို့ ပေးပို့ထားသည့် တရားဝင်စာ အား သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့သို့ ဖြန့်ဝေပေးရန်။ | | |
| ၁၂ | Total မှ BO Pilot တွင် ပါဝင်မည့်ကိစ္စ ပြန်လည် အကြောင်းပြန်မည်။ | | MSG |
| ၁၃ | မြန်မာ့သစ်လုပ်ငန်း (MTE) နှင့် သစ်တောဦးစီးဌာန (FD) တို့၏ သစ်ထုတ်လုပ်မှုကွဲလွဲချက်ဖြစ်သည့်အတွက် ယင်းဌာန(၂) ခုမှ ကွဲလွဲချက်ဖြစ်စေသော ထုတ်လုပ်မှုအတွက် အသေးစိတ်ရှင်းလင်း တင်ပြရန်။<br><br>မြန်မာသစ်လုပ်ငန်းမှ သစ်ရောင်းသည့်စနစ် (တင်ဒါစည်းမျဉ်း၊ သစ်တန်ဖိုး သတ်မှတ်သည့် အဖွဲ့၊ တင်ဒါဆုံးဖြတ်ချက်) များကို နှစ် အလိုက် ဖော်ပြပေးရန်။<br><br>မြန်မာ့သစ်လုပ်ငန်းမှ သစ်လက်ကျန်အသေး စိတ်စာရင်း ပြုစုတင်ပြရန်။<br><br>IA Forestry ကပေးပို့လာမည့် Prefinal report ကို MSG ၊ ဌာနများ၊ အလှူရှင်နိုင်ငံများနှင့် သက်ဆိုင်ရာအဖွဲ့ အစည်းများ၏ သဘောထားမှတ်ချက်တောင်းခံပြီးပါက Technical and Reporting Subcommittee အစည်းအဝေးတွင် ထပ်မံဆွေး နွေးရန်။ | | မြန်မာ့ သစ်လုပ်ငန်း၊ သစ်တောဦးစီး ဌာန၊ IA |
| ၁၄ | Annual Progress Report (July 2017-June 2018) ၏ နောက်ခံအဖုံးတွင် ထည့်သွင်းဖော်ပြမည့် Quotes and photos များတွင် Constituecy တစ်ခုခြင်းစီမှ မည်သူပေးမည်လဲ ဆုံးဖြတ်ရန်အတွက် Technical and Reporting Sub committee တွင် ဆွေးနွေးမည်။<br><br>Annual Progress Report (2017 July-2018 June) နှင့် ပတ်သက်သော အသေးစိတ်အချက်အလက်များအား Technical and Reporting Sub committee တွင် ထပ်မံဆွေးနွေးမည်။ | ဖွန်လ (၈) ရက် | Subcommitte e, NCS |

| | | | |
|---|---|---|---|
| ၁၅ | APR တွင်ဖော်ပြမည့် သက်ဆိုင်ရာအသင်းအဖွဲ့များ၏ Assessment on progress နှင့် ပတ်သက်၍ MATA၊ MGE နှင့် MFMA တို့မှ June 8 နေ့တွင် NCS သို့ပေးပို့ရန် | ဇွန်လ (၈) ရက် | MATA၊ MGE၊ MFMA |
| ၁၆ | MEITI Workplan and budget အား အတည်ပြုပါသည်။ | ဇွန်လ (၁) ရက် | MSG |
| ၁၇ | Study Tours to Zambia (for ASM and mining cadaster) သို့ လိုက်ပါမည့် MONREC (သတ္တုရေးရာ) မှ (၃) ဦး စာရင်းအား ဇွန်လ (၈) ရက်နေ့တွင် NCS သို့ပေးပို့ရန်။ | ဇွန်လ (၈) ရက် | MONREC |

**နောက်ဆက်တွဲ (၁) တစ်ဆယ့်သုံးကြိမ်မြောက် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အစည်းအဝေး တက်ရောက်သူများစာရင်း**

| စဉ် | အမည် | အဖွဲ့အစည်းအမည် | ရာထူး | အီးမေးလ်လိပ်စာ |
|---|---|---|---|---|
| | **အစိုးရကိုယ်စားလှယ်များ** | | | |
| ၁ | ဒေါ်မိမိဝင်း (ဦးတင်မြင့် ကိုယ်စား) | GAD | | Gad.office.gov@gmail.com |
| ၂ | ဦးဝင်းထိန် | DOM | DG(retd.) | uwinhtein58@gmail.com |
| ၃ | ဦးသန်းဌေးအောင် | MOGE | Advisor | thanhtay3000@gmail.com |
| ၄ | ဒေါ်လှသန်း (ဒေါ်ထားရီ ကိုယ်စား) | OAG | DD | Fax:0673-407285 |
| ၅ | ဦးကျော်သက် | DOM | DDG | k.thet2011@gmail.com |
| ၆ | ဦးမင်းသူ | MGE | GM | minthu2091962@gmail.com |
| ၇ | ဦးကျော်သိန်း | IRD(MoPF) | Director | kyawthein.ird@gmail.com |
| ၈ | ဦးစိုးရီ | MTE | AGM | soeyee.mte@gmail.com |
| | ပုဂ္ဂလိကကိုယ်စားလှယ်များ | | | |

| | | | | |
|---|---|---|---|---|
| ၉ | ဦးခင်မောင်ဟန် | MFMA | Chairman | khinmghan@gmail.com |
| ၁၀ | ဦးဇော်ဘိုခန့် | MGJEA | Vice Chairman | kobobo001@gmail.com |
| ၁၁ | ဦးနန်းဝင်း | MGJEA | Secretary | nanwinhk@gmail.com |
| ၁၂ | ဒေါက်တာစိန်ဝင်း | MFPMF | Chairman | drseinwin.sw@gmail.com |
| ၁၃ | ဦးဝင်းတင် (Mr.Romaric Roignan ကိုယ်စား) | Total | GM | u.win-tin@total.com |
| ၁၄ | ဦးမျိုးဇော်ဦး | MPRL Exp | SSEO | myo.z.oo@gmail.com |
| | အရပ်ဖက်ကိုယ်စားလှယ်များ | | | |
| ၁၅ | ဦးဝင်းမျိုးသူ | MATA | MSG | winmyothu@gmail.com |
| ၁၆ | ဦးကျော်သူ | MATA | MSG | kyawthutiger@gmail.com |
| ၁၇ | ဒေါ်မိုးမိုးထွန်း | MATA | MSG | moe2tun@gmail.com |
| ၁၈ | ဦးအောင်ဖြိုးကျော် | MATA | MSG | caspa007@gmail.com |
| ၁၉ | ဦးသန့်ဇင် | MATA | MSG | mgthantzindawei@gmail.com |
| ၂၀ | ဦးအောင်ကျော်မိုး | MATA | MSG | komoe.akm@gmail.com |
| ၂၁ | ဦးစောမိဘွေဒိုထွန်း | MATA | MSG | mebwaydoh@gmail.com |
| ၂၂ | ဦးနိုင်လင်းထွဋ် | MATA | MSG | linlin751245@gmail.com |
| ၂၃ | ဦးမုန်ဒန် | MATA | MSG | mangoesdam@gmail.com |
| | **MOBD နှင့် အစိုးဌာနများ** | | | |
| ၂၄ | ဦးဆန်းဝင်း | MOBD | DD | sunwin.mof@gmail.com |
| ၂၅ | ဒေါ်ခင်ပပခိုင် | MOBD | AD | khinpapakhaing.kppk@gmail.com |
| ၂၆ | ဒေါ်သင်းသင်းအောင် | MOBD | AD | ttaung11@gmail.com |
| ၂၇ | ဒေါ်နှင်းဝေအောင် | MOBD | AD | Hninwaiaung.budget@gmail.com |
| ၂၈ | ဒေါ်ရွှေရည်ဝင်း | MOBD | SO | Shweyewin.mdy@gmail.com |
| ၂၉ | ဒေါ်မျိုးမြတ်ခိုင် | MOBD | DSO | myomyatkhaing1@gmail.com |
| ၃၀ | ဒေါ်ကြူကြူဝင်း | MGE | Manager | Kkyuwin.1964@gmail.com |

| | | | | |
|---|---|---|---|---|
| ၃၁ | ဒေါ်ကျော့စုသိန်း | MGE | Supervisor | jadetradingdepartment@gmail.com |
| ၃၂ | ဒေါ်မင်းမင်းခိုင် | IRD | AD | |
| ၃၃ | ဒေါ်မြတ်သိင်္ဂီ | IRD | Staff Officer | myattheingi106@gmail.com |
| ၃၄ | ဦးကျော်ဇောထွန်း | MONREC | Geological officer | kyawzawhtun19@gmail.com |
| ၃၅ | ဦးအောင်ခင် | | | |
| | Donors and Observers | | | |
| ၃၆ | ဦးတိုးလွင် | MEHL | AGM | utoelwinrit@gmail.com |
| ၃၇ | ဦးဝင်းပြည့်ဖြိုးပိုင် | MEHL | AM | officer.dsta13@gmail.com |
| ၃၈ | ဦးဝင်းမြင့် | Myanmar Ruby | GM | - |
| ၃၉ | ဦးထူးအောင် | MATA | PC | |
| ၄၀ | ဦးမော်ထွန်း | NRGI | CM | maung@resourcegovernance.org |
| ၄၁ | ဒေါ်သင်ဇာထွန်း | WB | Consultant | thtun@worldbank.org |
| ၄၂ | ဒေါ်အေးကေဆွေ | NRGI | Officer | |
| ၄၃ | ဦးရဲလင်းမြင့် | MATA | | |
| ၄၄ | ဒေါ်ယုယုနိုင် | DEFID | Advisor | y.naing@dfid.gov |
| ၄၅ | ဦးရန်နောင်အုတ် | NRGI | Designer | yannaungoak@gmail.com |
| | **MEITI ညှိနှိုင်းရေးရုံး** | | | |
| ၄၆ | ဦးစိုးဝင်း | NCS | National Coordinator | nationalcoordinator@myanmareiti.org |
| ၄၇ | ဦးအောင်ခိုင် | NCS | DNC | aungkhine.meiti@gmail.com |
| ၄၈ | ဒေါ်ဇင်မာမြိုင် | NCS | PA | programmeadvisor@myanmareiti.org |
| ၄၉ | ဒေါက်တာကျော်ညွန့်မောင် | NCS | PM | programmemanager@myanmareiti.org |
| ၅၀ | ဦးထွန်းပေါ်ဦး | NCS | TS | uhtunpawoo51@gmail.com |
| ၅၁ | ဦးစိုးသီဟနိုင် | NCS | AO | admin@myanmareiti.org |
| ၅၂ | ဦးကျော်သင်းမောင် | NCS | PA | kyawthinmaun.meiti@gmail.com |

| | | | | |
|---|---|---|---|---|
| ၅၃ | ဒေါ်ယမင်းသူ | NCS | JTC | yaminthu.meiti@gmail.com |
| ၅၄ | ဦးတက်ထွန်းဆိုင် | NCS | AA | tattunsai.meiti@gmail.com |
| ၅၅ | ဒေါ်အေးချမ်းဝေ | NCS | TO | ayechanwai.meiti@gmail.com |
| ၅၆ | ဦးဇင်ကိုကိုအောင် | NCS | COA | zinkokoaung.meiti@gmail.com |